# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ စနေနေ့၊ အတွဲ (၄၂)၊ အမှတ် (၉)


## ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက်အစည်းအဝေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လျက်ရှိကြသော ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက်အစည်းအဝေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လျက်ရှိကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ စက်မှုနှင့်အခြေခံအရင်းအမြစ်များဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pehin Dato Abdul Rahman TAIB၊ ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Chan Sarun၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Memed Gunawan၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Siene Saphangthong၊ မလေးရှားနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့်စိုက်ပျိုးရေးအခြေခံလုပ်ငန်းများဝန်ကြီးဌာန ဝန်ကြီး H.E. Tan Sri Dato' Haji Muhyiddin bin Haji Mohd Yassin၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Arthur C. Yap၊ စင်ကာပူသမ္မတနိုင်ငံ အမျိုးသားတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mah Bow Tan၊ ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ

***စာမျက်နှာ ၆ ကော်လံ ၁*** ✡

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**မြန်မာ့အလင်း**


**ခေါင်းကြီး**

**ဆောင်းပါး**

**အညွှန်း**


"ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးနှင့် ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေး နိုင်ရေးအတွက် အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် လက်တွဲ၍ မိမိနိုင်ငံ၏ ရေမြေ သဘာဝ စွမ်းအားများကို အပြည့်အဝ အသုံးချကာ ကုန်ထုတ်စွမ်းအားများ တိုးတက်မြင့်မားစေရေး အားကြိုးမာန်တက် လုပ်ဆောင်" ခေါင်းကြီး (စာ-၂)

"ကမ္ဘာ့တက္ကသိုလ်များတွင် မြန်မာ့ဂီတ၊ မြန်မာ့တူရိယာ၊ မြန်မာ့ရုပ်သေး၊ ဇာတ်သဘင်များအကြောင်း ပြုစုထားသော ဒေါက်တာဘွဲ့ယူကျမ်းများ ရှိသည်။"

ဒေါက်တာခင်မောင်ညွန့်၏ ဆောင်းပါး (စာ-၃)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

# ရေမြေသဘာဝစွမ်းအားများ အပြည့်အဝ အသုံးချ စားနပ်ရိက္ခာဖူလုံပိုလျှံစေရန် အားကြိုးမာန်တက်လုပ်ကိုင်

မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသည့် နိုင်ငံဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး စိုက်ပျိုးရေး၊ သားငါးနှင့် သစ်တောကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် မဟာဗျူဟာမြောက် လုပ်ငန်းစဉ်များ ချမှတ်စီမံဆောင်ရွက်လျက် ရှိသည်။ ယင်းသို့ ကြိုးပမ်း ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံသူနိုင်ငံသားများ၏ စားနပ်ရိက္ခာအတွက်သာမက ဒေသတွင်း စားနပ်ရိက္ခာ လိုအပ်ချက်များကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြု ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

မြန်မာ့လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍ သုံးရပ်သည် နိုင်ငံတော်၏ လူဦးရေ၅၃ သန်းကျော်အနက် ၇၀ရာခိုင်နှုန်းသော ပြည်သူအများစု အသက်မွေးဝမ်းကျောင်းပြုရာ ကုန်ထုတ်လုပ်ငန်းများဖြစ်သည်။ နိုင်ငံတော်အစိုးရက ယင်းကဏ္ဍများ၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားအောင် ဦးစားပေးဆောင်ရွက်ခဲ့၍ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံမှုတို့ကို အထောက်အကူပြုလျက် ရှိသည်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၇ ရက်နေ့က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင်-

**"ပြည်တွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ဒေသအတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရေမြေသဘာဝ စွမ်းအားများ အပြည့်အဝဖော်ထုတ်အသုံးချပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်နိုင်ရေး အစီအစဉ်များနှင့်အတူ စိုက်ပျိုးနည်းပညာ၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များသုံးစွဲနိုင်ရေး နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း"**

ပြောကြားသွားသည်။

မြန်မာနိုင်ငံ၏ သီးနှံစုစုပေါင်း စိုက်ဧရိယာပေါင်း ၄၁ ဒသမ ၃၂ သန်း (ဟတ်တာပေါင်း ၆ ဒသမ ၇၂ သန်း) ရှိသည်။ စပါးသီးနှံကို ပြည်တွင်းစားသုံးမှုနှင့် ပြည်ပသို့ တိုးမြှင့်တင်ပို့ရောင်းချနိုင်ရေးအတွက် စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခင်က စပါးသီးနှံကို မိုးရာသီတွင် တစ်ကြိမ်သာစိုက်ပျိုးလေ့ရှိသည်။ ယခုအခါ စပါးကို တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ၂၀၀၃-၂၀၀၄ ခုနှစ်တွင် နွေစပါး ၂၇၃၆၆၂၁ ဧက (ဟက်တာ ၁၁၀၇၅၀၀) အထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့သည်။

မြန်မာ့သားငါးကဏ္ဍသည် နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက် အဓိက ကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကီလိုမီတာ ၂၈၀၀ကျော် ရှည်လျားသော ကမ်းရိုးတန်းတစ်လျှောက်နှင့် ကုန်းတွင်းပိုင်း မြစ်ချောင်းအင်းအိုင်များ၏ ရေချိုရေငန် ငါး၊ပုစွန်မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများအတွက် အခြေခံအင်အားကောင်းများ ရှိသည်။ သစ်တောကဏ္ဍတွင် နိုင်ငံအတွင်း မြေဧရိယာ စုစုပေါင်း၏ ၅၂ ဒသမ ၂၈ ရာခိုင်နှုန်းမှာ သစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။ သစ်တောပိုင်ဆိုင်မှုအနေဖြင့်လည်း ကမ္ဘာ့ အဆင့်နံပါတ်(၅)၌ ရှိနေသည်။ အဖိုးတန် သဘာဝကျွန်းတောများ ပိုင်ဆိုင်မှုအားဖြင့်လည်း အများဆုံး ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံသည် အာဆီယံမိသားစုဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ အပါအဝင် စားနပ်ရိက္ခာဖူလုံရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဒေသတွင်း တည်ငြိမ်မှုရှိရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အခန်းကဏ္ဍများတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး ဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းစေရေးနှင့် အာဆီယံ၏ မျှော်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရန် ကြိုးပမ်းလျက်ရှိသည့်အပြင် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်စေရေးအတွက်လည်း မြန်မာနိုင်ငံသည် အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်လက်တွဲ၍ မိမိနိုင်ငံ၏ ရေမြေသဘာဝ စွမ်းအားများကို အပြည့်အဝအသုံးချကာ ကုန်ထုတ်စွမ်းအားများ တိုးတက်မြင့်မားစေရေး အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရေကောင်းရေသန့်ရရှိရေး အလုပ်ရုံဆွေးနွေးပွဲဖွင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးပညာရှင်များ ဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၈

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာန သန့်လေးသန့်ဆိုင်ရာ လုပ်ငန်းစီမံချက်နှင့် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းဗျူဟာများ ရေးဆွဲပြုစုခြင်း အလုပ်ရုံဆွေးနွေးပွဲ (Workshop on the Development of Strategies for Water, Enviromental Sanitation and Hygience in Myanmar) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက ရန်ကုန်မြို့ Dusit Inya Lake ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အစားအစာသန့်၊ ရေသန့်၊ တစ်ကိုယ်ရေသန့်၊ အိမ်သာသန့်ဆိုသည့် သန့်လေးသန့်တွင် လူထုကိုယ်တိုင် စိတ်ဝင်စားစွာ ပါဝင်အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရဌာနများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအနေဖြင့် စနစ်တကျ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ယခုအလုပ်ရုံဆွေးနွေးပွဲမှ ဖော်ထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ် Ms. Caroll C. Long က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဧည့်သည်တော်များသည် ခန်းမ၌ ပြသထားသော ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်သော ဝန်ကြီးဌာနများရှိ ဦးစီးဌာနများမှ ပညာရှင်များ၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့မှ စီမံချက်မန်နေဂျာနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများမှ ပညာရှင် ၅၂ ဦး တက်ရောက်ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၈ ရက်အထိ ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မေတ္တာဝါဒီ ဟာသ်ာတ (ပရဟိတ) ကျောင်းတိုက်သို့ အလှူငွေများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းလှိုင်မြို့နယ် (၁၆) ရပ်ကွက် မေတ္တာဝါဒီဟာသ်ာတ(ပရဟိတ) ကျောင်းတိုက်၏ မဟာသိမ်တော်ကြီးနှင့် ကိုးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရေးနှင့် နဝကမ္မကိစ္စအလို့ငှာ Super Lucky Pharmacutical Co.Ltd. အမှတ်၁၄၂ လမ်း(၂၀)၊ လမ်းမတော်မြို့နယ်မှ ဦးထင်အောင်၊ ဦးတင်ဝင်း၊ ဦးမြင့်လွင်၊ ဦးမောင်မောင်၊ ဦးတင်ဝင်း၊ ကိုမောင်မောင်ဦး၊ ကိုကျော်လွင်၊ ကိုကျော်ခင်တို့က အလှူတော်ငွေ ကျပ်ငါးသိန်း လှူဒါန်းရာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ (အစိုးရဓမ္မာစရိယ)၊ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ရန်ကုန်တိုင်းသံဃနာယကဉက္ကဋ္ဌ မဟာဒွါရ)က သာဓုအနုမောဒနာ ခေါ်ဆိုပြီး အမျှပေးဝေခဲ့ကြောင်း သိရသည်။

**(က-ပ)**

# တွံတေးမဟာစည် ဝိပဿနာတရားစခန်း

**ရန်ကုန် အောက်တိုဘာ ၈**

တွံတေးမြို့ နန်းတော်ကုန်း စာသင်တိုက်နှင့် မဟာစည်ရိပ်သာ နာယက မဟာဂန္ထဝါစက ပဏ္ဍိတ၊ ဓမ္မာစရိယ၊ ဓမ္မကထိက ဆရာတော် အရှင်ကောဝိဒနှင့် ထောက်ပံ့ရေးအဖွဲ့က ကြီးမှူး၍ (သီတင်းကျွတ်လဆန်း ၁ရက်မှ ၈ရက်အထိ) အောက်တိုဘာ ၁၄ ရက်မှ ၂၁ ရက်အထိ ခုနစ်ရက်တိုင်တိုင် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူယောဂီများသည် အောက်တိုဘာ ၁၄ ရက် ညနေ ၅နာရီ အရောက် လာရောက်ကြရန်နှင့် ဖုန်း- ၀၄၅-၅၀၃၆၈နှင့် ၀၁-၂၄၄၅၇၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။**(က-ပ)**

## မြဝတီရုပ်မြင်သံကြား

၉-၁၀-၂၀၀၄
(စနေနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ကာယာနုပဿနာ သတိပဋ္ဌာန် တရားတော်"**

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Differentiation (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
- ၅:၃၀ ၉။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရေသူမလေးရဲ့အချစ်"** (အပိုင်း-၆)
- ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း-၂၀)



**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမက(၁၇) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို အောက်တိုဘာ ၃ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးခိုင်က ပညာရည်ချွန်ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။** (က-ပ)

☆ *ကျောဖုံးမှ*

၂၀၀၀ပြည့်နှစ်က ဖားကန့်မြို့နယ် နမ့်မော်ကျောက်စိမ်းမြေ လုပ်ကွက်တွင် မြေအောက်ပေ၄၀အနက်မှ အလေးချိန် တန်၃၀၀၀ခန့်ရှိ ကျောက်စိမ်းတုံးကြီးကို ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့၏ ကျောက်စိမ်းနဂါးကုမ္ပဏီက တူးဖော်ရရှိခဲ့ရာ ဖားကန့်ဒေသမှ ထွက်သမျှ ကျောက်စိမ်းတုံးများအနက် အကြီးဆုံးဖြစ်ရုံသာမက ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းတုံးကြီးအဖြစ် သတ်မှတ်ခြင်း ခံခဲ့ရသည်။ အဆိုပါ ကမ္ဘာ့ကျောက်စိမ်းတုံးကြီးကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားခဲ့ကြပြီး ၂၀၀၂ခုနှစ် မေလ၂၆ရက်နေ့တွင် ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် ဦးအောင်ခမ်းထီက နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းခဲ့သည်။

ရေအောက်သယံဇာတဖြစ်သော ကမ်းလွန်ပင်လယ်ပြင်မှ သဘာဝဓာတ်ငွေ့သိုက်တစ်ခုဖြစ်သည့် ရဲတံခွန် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေကို ၁၉၉၂ခုနှစ် နိုဝင်ဘာလတွင် ရဲတံခွန်ရေနံအစမ်းတွင်း အမှတ်(၁)မှ စတင်တွေ့ရှိခဲ့သည်။ အဆိုပါ ရဲတံခွန်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ စီးပွားဖြစ်ထုတ်လုပ်နိုင်သော အောင်မြင်မှုများမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ တိုင်းရင်းသားပြည်သူများအတွက် ဝမ်းသာအားတက်စေသည့် သတင်းကောင်းတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံသည် မိုင်ပေါင်း ၁၄၀၀ကျော် ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်သော နိုင်ငံဖြစ်၍။ အဆိုပါရှည်လျားသော ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်တစ်လျှောက်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သော အလားအလာကောင်းများက သဘာဝအတိုင်း ဖြစ်တည်လျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက သိရှိသည့်အတွက် ကမ်းလွန်ရေနံလုပ်ကွက်ပေါင်း ၂၅ခုကို ခွဲခြားသတ်မှတ်ထားခဲ့သည်။

## ရဲတံခွန်မှ နောက်ထပ်တွင်းသစ် လေးတွင်းကို ၂၀၀၄ခုနှစ် ဩဂုတ်လကုန်တွင် တူးဖော်အောင်မြင်ခဲ့ပြီဖြစ်ရာ ထိုင်းနိုင်ငံမှ ပိုမိုဝယ်ယူလိုမှုအရ မကြာမီကာလအတွင်း ထိုင်းနိုင်ငံသို့ နေ့စဉ် ကုဗပေသန်း ၄၀၀အထိ တိုးမြှင့်ရောင်းချပေးတော့မည်။

နိုင်ငံခြားရေနံကုမ္ပဏီများက မိမိတို့ နှစ်သက်စိတ်ဝင်စားသော လုပ်ကွက်များကို လာရောက်လေ့လာနိုင်ပြီး ကြိုက်နှစ်သက်ရာ လုပ်ကွက်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး (Production Sharing Contract) စာချုပ်ချုပ်ဆိုပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ရှာဖွေထုတ်လုပ် တူးဖော်နိုင်သည်။

ယင်းစာချုပ်ကို PSC စာချုပ်ဟုခေါ်ပြီး လုပ်ကွက်တစ်ခုမှ ထွက်ရှိလာသော ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ထုတ်လုပ်မှုပမာဏအပေါ် မူတည်၍ စာချုပ်ပါသဘောတူညီထားသည့် အချိုးအစားအရ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် နိုင်ငံခြားရေနံကုမ္ပဏီတို့ အကျိုးတူ ခွဲဝေခံစားသည့် စာချုပ်ဖြစ်၏။

ရဲတံခွန်ကမ်းလွန်နှင့် သဘာဝဓာတ်ငွေ့မြေသည် ကမ်းလွန်ရေနံလုပ်ကွက် အမှတ် အမ်–၁၂၊ အမ်–၁၃နှင့် အမ်–၁၄အတွင်းတည်ရှိပြီး ရန်ကုန်မြို့တောင်ဘက်၊ ထားဝယ်မြို့၏ အနောက်တောင်ဘက် မိုင်၁၀၀အကွာ ကမ်းလွန်ပင်လယ်ပြင်တွင် တည်ရှိသည်။

အဆိုပါ ကမ်းလွန်ရေနံလုပ်ကွက်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဗြိတိန်နိုင်ငံPremier Oil ကုမ္ပဏီတို့ ၁၉၉၀ပြည့်နှစ် မေလ ၃ရက်နေ့က PSC စာချုပ်ချုပ်ခဲ့ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့များ စီးပွားဖြစ်ထုတ်လုပ်နိုင်ရန် 2Dဆိုက်စမစ်လိုင်း ကီလိုမီတာ ၁၄၃၅၃နှင့် 3Dဆိုက်စမစ်လိုင်း ကီလိုမီတာ ၁၂၀၈၇တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

တိုင်းတာ၍ရရှိသော အချက်အလက်များအရ စိစစ်အဓိပ္ပာယ် ဖော်ဆောင်ရေးအဖွဲ့က Mioceneသက်တမ်းရှိ သဲကြောလွှာများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်ကြောင်း တွေ့ရှိခဲ့သည့်အတွက် ရှေ့အလားအလာ ကောင်းမွန်ကြောင်း မှတ်ချက်ပြုကြသည်။

သဘာဝဓာတ်ငွေ့များကို ရှာဖွေတူးဖော်ရာတွင် ဓာတ်ငွေ့(Gas)များသာမက ၎င်းနှင့်အတူတွဲဖက်ထွက်ရှိသော Condensateလေဆီခေါ် ရေနံအပေါ့စားတို့ကိုပါ စီးပွားဖြစ်ရရှိခဲ့ရာ ရဲတံခွန်မှ ရေနံစိမ်း အပေါ့စားများမှာ နေ့စဉ် စည်ပေါင်း ၈၇၀၀ခန့် ထွက်ရှိနေပြီး ပြည်တွင်းသုံးစွဲရန်အတွက် မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းသို့ ရောင်းချပေးလျက်ရှိသည်။ နေ့စဉ်ထွက်ရှိသော ရေနံအပေါ့စားများကို ရဲတံခွန်ရေပေါ်ရေနံသိုလှောင်ကန် သင်္ဘောတွင် သိုလှောင်ထားပြီး စည်ပေါင်းလေးသိန်းခန့်ရရှိသည့်အခါ Tankerသင်္ဘောတစ်စင်းထဲသို့ ပြောင်းထည့်ပြီး သန်လျင်မြို့ရှိ မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်းသို့ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ရဲတံခွန်ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေကို ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ၂၀၀၃ခုနှစ် စက်တင်ဘာလ ၁၂ရက်နေ့တွင် Premierကုမ္ပဏီထံမှ မလေးရှားနိုင်ငံ Petronas Carigali Myanmar Limited. က လုပ်ငန်းဆောင်ရွက်သူ Operator အဖြစ် လွှဲပြောင်းတာဝန်ယူကာ ယနေ့အထိ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ရဲတံခွန်မှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံ Petroleum Authority of Thailandနှင့် စာချုပ်ချုပ်ဆိုပြီး ၂၀၀၀ပြည့်နှစ် ဧပြီလမှစတင်၍ ၂၄လက်မပိုက်လိုင်းသွယ်တန်းကာ ရောင်းချလျက်ရှိသည်။ ယခု အခါ နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၃၀၀ကို ပို့လွှတ်နေသည်။ ရဲတံခွန်မှ သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်သော ပမာဏမှာ ၄ဒသမ ၁၆ထရီလီယံကုဗပေနှင့် ရေနံစိမ်းအပေါ့စား ထုတ်လုပ်နိုင်သော ပမာဏမှာ စည်ပေါင်း ၈၄ ဒသမ၁၂သန်း ရှိသည်။**



ရဲတံခွန်မှ ပိုလျှံသောဓာတ်ငွေ့များ မီးရှို့ထားသည်ကို ဤသို့တွေ့ရသည်။

ယခုအခါ **ရဲတံခွန်မှ နောက်ထပ်တွင်းသစ် လေးတွင်းကို ၂၀၀၄ခုနှစ် ဩဂုတ်လကုန်တွင် တူးဖော်အောင်မြင်ခဲ့ပြီဖြစ်ရာ ထိုင်းနိုင်ငံမှ ပိုမိုဝယ်ယူလိုမှုအရ မကြာမီကာလအတွင်း ထိုင်းနိုင်ငံသို့ နေ့စဉ် ကုဗပေသန်း ၄၀၀အထိ တိုးမြှင့် ရောင်းချပေးတော့မည်** ဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ သဘာဝဓာတ်ငွေ့နှင့် တွဲဖက်ထွက်ရှိသော ရေနံအပေါ့စားများမှာလည်း နေ့စဉ်စည်ပေါင်း၁၂၀၀၀အထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်၍ ပြည်တွင်းလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သည်။

တွင်းတူးစင်မှ ထုတ်လုပ်ပေးသော သဘာဝဓာတ်ငွေ့များကို ရေနှင့်လေဆီလုံးဝ မပါဝင်ရလေအောင် အအေးခံခြင်း၊ အပူပေးခြင်း အဆင့်ဆင့်ကို ဆောင်ရွက်ပြီး လိုအပ်သည့်ဖိအားကိုရရှိအောင် ဖိအားမြှင့်စက်များကို အသုံးပြုကာ



ရဲတံခွန် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်းတူးစင်မှ ဝန်ထမ်းများ၏ လုပ်ငန်းခွင်မြင်ကွင်း။

ပင်လယ်ရေအောက် ၂၄လက်မပိုက်လိုင်းအရှည် ၁၂၆မိုင်နှင့် ကုန်းပိုင်း ၂၄လက်မ ပိုက်လိုင်းအရှည် ၄၃မိုင် သွယ်တန်းလျက် ထိုင်း–မြန်မာနယ်ခြားရှိ တိုင်းတာရေးစခန်း(Metering Station)သို့ သဘာဝဓာတ်ငွေ့များ ပေးလွှတ်ရသည်။ ထိုတိုင်းတာရေးစခန်းမှ ရောင်းသူ၊ ဝယ်သူ မနစ်နာရလေအောင် လစဉ် တိုင်းတာမှုစက်များ မှန်ကန်မှုရှိ၊ မရှိတို့ကို စစ်ဆေးလျက် စနစ်တကျ ဆောင်ရွက်နေကြောင်းကိုလည်း ဗဟုသုတအဖြစ် သိခွင့်ရခဲ့သည်။

ရဲတံခွန်ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းတွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မလေးရှားနိုင်ငံ Petronas Carigali၊ ဂျပန်နိုင်ငံ Nippon Oilနှင့် ထိုင်းနိုင်ငံ PTTEPIတို့မှ အစုစပ်ဝင်များအဖြစ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ယင်းစီမံကိန်းတွင် အချိုးကျအစုရှယ်ယာဝင်ဖြစ်ပြီး အိမ်ရှင်နိုင်ငံပိုင် စီမံကိန်းဖြစ်သဖြင့် မြန်မာနိုင်ငံအတွက် ခိုင်ကြေး၊ အခွန်အခနှင့် အစုရှယ်ယာများပါဝင်သော အကျိုးခံစားခွင့်များကို အပြည့်အဝရရှိနေသည်။ ကမ်းလွန်ပင်လယ်ပြင်မှ ရတနာသိုက်တစ်ခုဖြစ်သည့် ရဲတံခွန်၏ အောင်မြင်မှုများသည် မြန်မာနိုင်ငံအတွက် နိုင်ငံခြားငွေရှာဖွေရေးလုပ်ငန်းကြီးတစ်ခုအဖြစ် အောင်မြင်စွာ ရပ်တည်နေပြီဖြစ်ရာ တိုင်းရင်းသားပြည်သူများအတွက် ဝမ်းမြောက်ဖွယ် သတင်းကောင်းတစ်ခုအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။



ရဲတံခွန် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့များထုတ်လုပ်သည့် တွင်းတူးစင်နှင့် ထုတ်လုပ်ရေးစင်တို့ကို ဝေဟင်မှ ဤသို့တွေ့ရသည်။

## ရွှေမြင့်မိုရ်ကျောင်းတိုက် မိုးကုတ်တရားစခန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၈**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ဩဘာသ (မိုးကုတ်ဝိပဿနာဓမ္မကထိက)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ အောက်တိုဘာ ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၅၇၁၂၅၈သို့ဖြစ်စေ အောက်တိုဘာ ၁၇ရက်အရောက် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

**(က–ပ)**

## တိမ်ဖြစ်ထွန်း

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ခုနှစ်၊ အောက်တိုဘာလအတွက်**

**၁၀ – ၁၀ – ၂၀၀၄ရက်နေ့**

**နှင့်**

**၃၁ – ၁၀ – ၂၀၀၄ရက်နေ့**

# မိုဆူးလ်၌ ကန်စစ်ယာဉ်အနီးကားဗုံးပေါက်ကွဲ၍ အီရတ်သုံးဦးသေဆုံး ပျောက်ဆုံးနေသောရဲတစ်ဦး၏အလောင်း ကယ်ကွတ်ရဲက ရှာဖွေတွေ့ရှိ

**မိုဆူးလ် အောက်တိုဘာ ၆**

မိုဆူးလ်မြို့၌ အမေရိကန်စစ်ဘက်ယာဉ်တစ်စီးအနီး ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အရပ်သားသုံးဦးသေဆုံးခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်လေးဦးဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ပျောက်ဆုံးနေသော အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦး၏တံဆိပ်ကို ဝတ်ဆင်ထားသောရုပ်အလောင်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ကယ်ကွတ်မြို့ ရဲတပ်ဖွဲ့မှ ပြောကြားခဲ့သည်။ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးနယ်မြေတွင် အမေရိကန်-အီရတ်တပ်ဖွဲ့ဝင်များနှင့်အယ်လ်ဆာဒါအယ်ဆာဒါ၏ သစ္စာခံတပ်ဖွဲ့များ ဆက်လက်ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများကို အဆုံးသတ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ဘာသာရေးဆိုင်ရာနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူများက ဒေသတွင်း ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်စောင့်ကြပ်လျက်ရှိသည်။ တရားမဝင် လက်နက်များ သိမ်းဆည်းခြင်းကို ကူညီဆောင်ရွက်ပေးရန် ကြိုးပမ်းလျက်ရှိသည်။

**ပစ်မှတ်ထား**

ဖော်လူဂျာမြို့တွင် အဘူမူဆက်အယ်လ်ဇာကာဝီ ခုခံတိုက်ခိုက်ရေးအဖွဲ့မှ ခေါင်းဆောင်များ အစည်းအဝေးကျင်းပရာနေရာဟု သတင်းရရှိခဲ့ပြီးနောက် ၎င်းအဆောက်အအုံကို အမေရိကန်ဦးဆောင်သည့်အဖွဲ့ဝင်များက ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ ဆာမာရာမြို့ကို အဓိကစစ်ဆင်ရေးများဆင်နွှဲတိုက်ခိုက်ခဲ့ပြီးနောက် အမေရိကန်နှင့်အီရတ်တပ်ဖွဲ့ဝင်များသည် နောက်ထပ်ခုခံတိုက်ခိုက်ရေးသမားများ၏ အခြေစိုက်နယ်မြေတစ်ခုကို ပစ်မှတ်ထားခဲ့ကြသည်။ **(စီအင်န်အင်န်)**



**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို အောက်တိုဘာ ၅ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## တားမြစ်လက်နက်များရှိဆိုသည့် သက်သေမရှိ စူးစမ်းလေ့လာရေးအဖွဲ့ အစီရင်ခံမည်

ဘဂ္ဂဒက် အောက်တိုဘာ ၆

**အီရတ်စူးစမ်းလေ့လာရေးအုပ်စု (အိုင်အက်စ်ဂျီ)သည် တားမြစ်ထားသော ဆမ်ဒမ်ဟူစိန်၏ လက်နက်များနှင့် စပ်လျဉ်း၍ ရှာဖွေတွေ့ရှိချက်များကို ယနေ့ဖော်ထုတ်မည် ဖြစ်သည်။**

**အစီရင်ခံမည်**

ထိုသို့ ဖော်ထုတ်ရာ၌ အိုင်အက်စ်ဂျီ၏ အစီရင်ခံစာတွင် ဓာတု၊ ဇီဝသို့မဟုတ် နျူကလီးယားလက်နက်များ ရှိသည်ဆိုသော အထောက်အထား သက်သေမရှိကြောင်း အစီရင်ခံမည်ဟု ယုံကြည်ရသည်။

**တင်ပြမည်**

အီရတ်စူးစမ်းလေ့လာရေး အမေရိကန်အဖွဲ့ခေါင်းဆောင် ချားလ်စ်ဂျူဖာသည်၎င်း၏ ရှာဖွေတွေ့ရှိချက်နောက်ဆုံး အစီရင်ခံစာကို အမေရိကန် အထက်လွှတ်တော်သို့ တင်ပြမည်ဖြစ်သည်။ ယခုအစီရင်ခံစာသည် အီရတ်နှင့် ပတ်သက်သည့် သဘောကွဲမှုများကို ဘေးဖယ်ထားရန် လေဘာပါတီကို တိုက်တွန်းပြောဆိုခဲ့သည့် ဝန်ကြီးချုပ် တိုနီဘလဲအား နောက်ထပ်ထိုးနှက်မှု ဖြစ်နိုင်စရာရှိသည်။ အထူးသဖြင့် ဝန်ကြီးချုပ်တိုနီဘလဲက ပိတ်ပင်တားမြစ် ထားသော အီရတ်၏ လက်နက်များသည် အီရတ်အား စစ်ပွဲဆင်နွှဲရာ၌ တရားမျှတမှု ဖြစ်စေသည်ဟု ယုံကြည်ထားရာ တိုနီဘလဲကို ထိခိုက်စေမည်ဖြစ်သည်။

**(အင်တာနက်)**

**ဆာမာရာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို အောက်တိုဘာ ၅ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## ကန်တပ်ဖွဲ့များ မလုံလောက်ဆိုသည့် ပေါလ်ဘရီမာ ပေးသောမှတ်ချက် ပင်တဂွန်တာဝန်ရှိသူများနှင့် အငြင်းပွားစရာဖြစ်လာ

ဘဂ္ဂဒက် အောက်တိုဘာ ၆

**အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်အရပ်ဘက် အုပ်ချုပ်ရေးမှူးဟောင်းပေါလ်ဘရီမာ၏ လတ်တလောမှတ်ချက်များသည် ပင်တဂွန်မှ တာဝန်ရှိသူများနှင့် အငြင်းပွားစရာဖြစ်လာသည်။**

ဘဂ္ဂဒက်မြို့ကျပြီးပြီးချင်း လုယက်မှုများကို ရပ်တန့်သွားရန် လုံလောက်သည့် တပ်ဖွဲ့များမရှိခဲ့ခြင်းကြောင့် အမေရိကန် နိုင်ငံသည် ယခုအခါ ထိုက်တန်သည့် တန်ဖိုးကို ပေးဆပ်နေရခြင်းဖြစ်ကြောင်း ပေါလ်ဘရီမာက ပြောကြားခဲ့သည်။

**မှတ်ချက်ချ**

ယင်းသည် ပေါလ်ဘရီမာ၏ ယခုသီတင်းပတ်များအတွင်း ဒုတိယအကြိမ် မှတ်ချက်ချခဲ့ခြင်းဖြစ်သည်။ စစချင်းအချိန်၌ အီရတ်နိုင်ငံတွင်တပ်ဖွဲ့များယခုထက်ပိုများများရှိခဲ့ပါက အခြေအနေပိုကောင်းလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**အသိပေး**

အဆိုပါကိစ္စကို အစိုးရအဖွဲ့သို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည့်နည်းတူ ဝါရှင်တန်သို့ ပြန်လာသည့်အခါများ၌လည်း အသိပေးခဲ့ကြောင်း ပေါလ်ဘရီမာက ပြောကြားသည်။ တပ်ဖွဲ့များ ပိုမိုလိုအပ်ကြောင်း ပေါလ်ဘရီမာ၊ ကာကွယ်ရေးဝန်ကြီး ဒေါ်နယ် ရမ်းစဖဲလ်နှင့်မည်သည့်အခြားထိပ်တန်း တာဝန်ရှိသူများက မည်သည့်အခါကမှ တိုက်ရိုက်တောင်းဆိုခဲ့ခြင်း မရှိကြောင်း ပင်တဂွန်တာဝန်ရှိသူများက ပြောကြားကြသည်။

**မသက်ဆိုင်**

ထို့အပြင် တပ်ဖွဲ့များ ပိုမိုလိုအပ်မှုသည် ပေါလ်ဘရီမာနှင့် မသက်ဆိုင်ကြောင်း၊ တပ်ဖွဲ့များ လိုအပ်မှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ကို စစ်ဘက်တာဝန်ရှိသူများကသာ ပြုလုပ်နိုင်ပြီး ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်ကလည်း စစ်ဘက်တာဝန်ရှိသူများနှင့်အကြံပြုချက်ကို အမြဲတမ်း ဆောင်ရွက်ခဲ့ကြောင်း၊ စစ်ဘက်တာဝန်မရှိသူများကလည်း တပ်ဖွဲ့များ ပိုမိုလိုအပ်သည်ဟု တောင်းခံခဲ့ခြင်းမရှိကြောင်း ပင်တဂွန်မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

## ကုလနှင့် နိုင်ငံတကာဆိုင်ရာ ရာဇဝတ်မှုတရားရုံး ပိုမိုပူးပေါင်းဆောင်ရွက်ရေး သဘောတူရေးထိုး

**ကုလသမဂ္ဂ အောက်တိုဘာ ၆**

ကုလသမဂ္ဂသည် နိုင်ငံတကာဆိုင်ရာ ရာဇဝတ်မှုတရားရုံး (အိုင်စီစီ)နှင့် သဘောတူစာချုပ်တစ်ရပ်ကို တနင်္လာနေ့က လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည်။

**လက်မှတ်ရေးထိုး**

ထိုအဖွဲ့အစည်း နှစ်ရပ်ပူးပေါင်း ဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု ပိုမိုဖြစ်ထွန်းစေရန်တွန်းအားပေးရာတွင် ယင်းသို့ လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

**ပြောကြား**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် အိုင်စီစီ ဥက္ကဋ္ဌ ဂျူဖိုလစ်ပီကီရပ်ချ်တို့က အဆိုပါ သဘောတူစာချုပ်ကို နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ ဖရက်အက်ဟတ်က သတင်းထောက်များအား ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## အီရတ်အရေး ဆွေးနွေးပွဲ အီရန် ပါဝင်တက်ရောက်မည်

တီဟီရန် အောက်တိုဘာ ၆

**ကိုင်ရိုမြို့၌ ရှေ့လတွင်ကျင်းပမည့် အီရတ်နိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံတွင် အီရန်နိုင်ငံပါဝင်တက်ရောက်မည်ဖြစ်ကြောင်း အီရန်နိုင်ငံက အရိပ်အမြွက်ပြောကြားကာ စစ်ကြောင့်ပျက်စီးနေသော အီရတ်နိုင်ငံ၌ ငြိမ်းချမ်းရေးပြန်လည်ရရှိအောင်ကြိုးပမ်းမှုများကို ကြိုဆိုကြောင်း ပြောကြားလိုက်ကြောင်း အီရန်သတင်းဌာန အိုင်အာရ်အင်န်အေက ပြောကြားသည်။**

အီရန်နိုင်ငံက အီရတ်နိုင်ငံတည်ငြိမ်ရေး ကြိုးပမ်းချက်များကို ကြိုဆိုကြောင်းနှင့် ညီလာခံ၌ အီရန်နိုင်ငံက ပါဝင်ဆွေးနွေးမည့် အကြောင်းအရာအသေးစိတ်ကို မကြာမီထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟာမစ်ရယ်ဇာ အာဆယ်မီက ပြောကြားသည်။

**နယ်မြေတည်တံ့ရေး**

အီရတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံအနေဖြင့် အီရတ်နိုင်ငံ၏ နယ်မြေတည်တံ့ခိုင်မြဲရေး၊ လုံခြုံရေး အစီအစဉ်များဆောင်ရွက်ရေးနှင့်ခိုင်မာကျယ်ပြန့်သော အစိုးရ တစ်ရပ်ပေါ်ပေါက်ရေးတို့ကို အာရုံစိုက်ထားကြောင်း အာဆယ်မီက ပြောကြားခဲ့သည်။ အီရတ်အရေး ဆွေးနွေးပွဲကို နိုဝင်ဘာလတွင် ကျင်းပသွားမည်ဖြစ်ပြီး အနောက်နိုင်ငံကြီးများနှင့် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများ တက်ရောက်ကြမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကောလင်းပေါဝဲလ်က စက်တင်ဘာ၂၆ရက်၌ပြောကြားခဲ့သည်။

နိုဝင်ဘာလ နောက်ဆုံးပတ်၌ ကျင်းပမည့် ညီလာခံကို အိမ်ရှင်နိုင်ငံအနေဖြင့် လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံက စနေနေ့၌ ကြေညာခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အမျိုးသားလုံခြုံရေးရုံးအနီး အသေခံကားဗုံးခွဲတိုက်ခိုက် ၁၀ဦးထက်မနည်းသေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၇**

အီရတ်နိုင်ငံ အနောက်ပိုင်းရှိ အမျိုးသားလုံခြုံရေး တပ်ဖွဲ့ရုံးအနီး ဗုဒ္ဓဟူးနေ့က အသေခံကားဗုံး ဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ လူ၁၀ဦးထက် မနည်း သေဆုံးခဲ့သည်။ ယင်းကဲ့သို့ တိုက်ခိုက်ခြင်းသည် အီရတ်၌ လာမည့် ဇန်နဝါရီလတွင်ပြုလုပ်မည့်ရွေးကောက်ပွဲပျက်ပြားစေရန် အမေရိကန်နှင့် အီရတ် တပ်ဖွဲ့များကို အီရတ် ပြောက်ကျားတို့က တိုက်ခိုက်ခြင်းဖြစ်သည်။

အသေခံဗုံးခွဲ တိုက်ခိုက်ခြင်းမှာ ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက် ၁၆၃ မိုင်အကွာ ဆီးရီးယား နိုင်ငံနယ်စပ်အနီးရှိ အင်နာမြို့၌ အရန်တပ်ဖွဲ့ တပ်သားသစ်များကို ပစ်မှတ်ထားပြီး တိုက်ခိုက်ခြင်းဖြစ်ကြောင်း အီရတ်ပြည်ထဲရေး ဝန်ကြီးရုံးမှ အရာရှိတစ်ဦးက ပြောကြားသည်။

**တိုးမြင့်လာ**

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အီရတ် ပြည်သူ ၂၀ဒဏ်ရာရရှိခဲ့ပြီး သေဆုံးသူ အရေအတွက်မှာလည်း တိုးမြင့်လာဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

မျက်မြင်တွေ့ရှိသူ တစ်ဦးက အသေခံ ဗုံးခွဲတိုက်ခိုက်မည့် မော်တော်ယာဉ်တစ်စီးသည် ပေါက်ကွဲမှု မဖြစ်ပွားမီ အမျိုးသားလုံခြုံရေး တပ်ဖွဲ့ရုံးသို့ရှေးရှုပြီး မောင်းနှင်လာသည်ကို တွေ့ခဲ့ရကြောင်း ပြောကြားသည်။

**သေဆုံး**

အခြားတိုက်ခိုက်မှု တစ်ခုမှာ ဘာဆာရာမြို့ တောင်ဘက်တွင် လမ်းဘေး ဗုံးပေါက်ကွဲမှုကြောင့် အရပ်သားတစ်ဦးသေဆုံးခဲ့ပြီး အီရတ်ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ ရိုက်တာ**

# လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက်သုံးနိုင်ငံ စတုတ္ထအကြိမ်မြောက် အစည်းအဝေးအောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် အောက်တိုဘာ ၈

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပပြီး မွန်းလွဲပိုင်းတွင် အစည်းအဝေးအောင်မြင်စွာကျင်းပပြီးစီးသွားသည်။**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ စက်မှုနှင့် အခြေခံအရင်းအမြစ်များဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pohin Dato Abdul Rahman Taib၊ ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Chan Sarun၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Memed Gunawan၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Siene Saphangthong၊ မလေးရှားနိုင်ငံစိုက်ပျိုးရေး၊သစ်တောနှင့်စိုက်ပျိုးရေးအခြေခံလုပ်ငန်းများဝန်ကြီးဌာန ဝန်ကြီး H.E. Tan Sri Dato' Haji Muhyiddin bin Haji Mohd Yassin၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Arthur C.Yap၊ စင်ကာပူသမ္မတနိုင်ငံ အမျိုးသားတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mah Bow Tan၊ ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Bui Ba Bongနှင့် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Fan Xiaojian၊ ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hiroyuki Kinoshita နှင့် ကိုရီးယားသမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hae- Sang Park အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး Dr. Azmi Mat Akhirနှင့် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးများ၏ သဘာပတိ ပြည်ထောင်စုမြန်မာနိုင်ငံတော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အဖွင့်အမှာစကားပြောကြားသည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

**ကျောဖုံးမှ**

(၃) စားနပ်ရိက္ခာစိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍနှင့်ဆက်နွှယ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ ဒေသဆိုင်ရာ၊ ကမ္ဘာလုံးဆိုင်ရာအခြေအနေများအပေါ် ဝန်ကြီးများက အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

(၄) လောလောဆယ် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ပြင်းထန်ကူးစက်လွယ်သော ကြက်၊ငှက် တုပ်ကွေးရောဂါနှင့် ပတ်သက်၍ အဆိုပါ ရောဂါကာကွယ်ရေးနှင့်ပပျောက်ရေးအတွက် အာဆီယံမွေးမြူရေးလုပ်ငန်းအဖွဲ့အောက်တွင် Task Force တစ်ခုဖွဲ့စည်းရန် သဘောတူခဲ့ပါသည်။ အဆိုပါရောဂါဖြစ်ပွားမှုကြောင့် ကြက်မွေးမြူထုတ်လုပ်ရေး၊ ကုန်သွယ်ရေးနှင့်စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်ရုံသာမက လူထုကျန်းမာရေးကိုပါထိခိုက်သဖြင့် အဆိုပါရောဂါကာကွယ်ပပျောက်ရေးလုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် ဝန်ကြီးများက အဆင့်မြင့်အရာရှိကြီးများအား တိုက်တွန်းခဲ့ပါသည်။ အဆိုပါလုပ်ငန်းအတွက် Task Force ၏ ပထမအကြိမ်အစည်းအဝေးကို စင်ကာပူနိုင်ငံတွင် ကျင်းပမည်ဖြစ်ပါသည်။

(၅) ဒေသတွင်းအစားအစာအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စံချိန်စံညွှန်းများအပေါ် ဝန်ကြီးများကသဘောတူညီခဲ့၍ အစားအစာ အန္တရာယ် ကင်းရှင်းရေးမှာ အရေးကြီးကြောင်း အလေးထားဖော်ပြခဲ့ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှကျယ်ပြန့်စွာ ကုန်သွယ်မှုပြုလျက်ရှိသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ဝင်ငွေရသီးနှံများတွင် အသုံးပြုလျက်ရှိသည့် ပိုးသတ်ဆေးရှစ်မျိုး၏ အမြင့်ဆုံးဓာတ်ကြွင်းအာနိသင် ၈၆ မျိုး သတ်မှတ်ချက်ကို ထပ်မံအတည်ပြုခဲ့ပါသည်။ ယခုအတည်ပြုခဲ့သည့် စာရင်းထပ်မံထည့်သွင်းပါက စုစုပေါင်းပိုးသတ်ဆေး ၃၆ မျိုးတွင် သတ်မှတ်ချက် ၄၅၅ မျိုးအား အတည်ပြုခဲ့ပြီးဖြစ်ပါသည်။

(၆) အာဆီယံ လယ်ယာသားငါး၊ အစားအစာပစ္စည်းများကုန်သွယ်မှုတွင် ကြုံတွေ့ရသော အဟန့်အတားများအား ကျော်လွှားရန် အတွက် 'မူ'ပိုင်းဆိုင်ရာတွင် ညီညွတ်စွာနှင့်စုပေါင်းရပ်တည်သွားရန် အရေးကြီးကြောင်း ဝန်ကြီးများက အလေးအနက် ဖော်ပြခဲ့ပါသည်။

အဆိုပါအကောက်အခွန်မဟုတ်သော အတားအဆီးပြဿနာရပ်များအား ဖြေရှင်းရာတွင် ကူညီနိုင်ရေးအတွက် အာဆီယံ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကွန်ရက်တည်ထောင်ခြင်းဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ဝန်ကြီးများက မျှော်လင့်ပါသည်။ ထိုင်းနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် အဆိုပါကွန်ရက်ဖြင့် အသုံးဝင်သောအချက်အလက်များအား ထုတ်ပြန်ဖြန့်ဖြူးနိုင်ရန်အတွက် Web Site တည်ထောင်ပြီး ဖြစ်ပါသည်။ သစ်တောကဏ္ဍနှင့် ပတ်သက်၍ အာဆီယံတွင် ဖွဲ့စည်းပြီးသော အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် အာဆီယံလုပ်ငန်းအဖွဲ့မှ ကူညီဆောင်ရွက်သင့်ကြောင်း ဝန်ကြီးများက မှတ်ချက်ပြုပါသည်။

(၇) အာဆီယံဒေသတွင်း နယ်စပ်မှဖြတ်ကျော်ဖြစ်ပွားသော တိရစ္ဆာန်ရောဂါများနှင့် ကျွဲနွား ခွာနာ လျှာနာရောဂါများမှ ကင်းရှင်းရန်အတွက် အာဆီယံဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေး ရန်ပုံငွေထူထောင်ခြင်း အဆိုပြုချက်ကို ဝန်ကြီးများက သဘောတူခဲ့ပါသည်။ အာဆီယံဒေသတွင်း တိရစ္ဆာန်ကျန်းမာရေး အစီအစဉ်များ အကောင်အထည်ဖော်ရန်အတွက် အဆိုပါရန်ပုံငွေမှ ကူညီပံ့ပိုးနိုင်မည်ဖြစ်ပါသည်။

(၈) အာဆီယံဒေသတွင်း ရေလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးမြှင့်နိုင်ရန်အတွက် အရှေ့တောင်အာရှရေလုပ်ငန်း ဖွံ့ဖြိုးမှုဗဟိုဌာန၏လုပ်ငန်းများနှင့် အရေးပါမှုကို ဝန်ကြီးများက အသိအမှတ်ပြုခဲ့ပါသည်။ ထို့ပြင် ဂျပန်နိုင်ငံနှင့် အဆိုပါ ဗဟိုဌာနတို့အား ယင်းတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ် အထူးအလေးဂရုပြုကြောင်း အလေးအနက်ဖော်ပြခဲ့ပါသည်။ အာဆီယံ–ဂျပန် ဖလှယ်နှစ် (၂၀၀၃) အထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အထိ (SEAFDEC)မှ ကြီးမှူးကျင်းပခဲ့သော ရေလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် အာဆီယံ–ဂျပန်ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲ၏ အောင်မြင်မှုရလဒ်များကို ဝန်ကြီးများက အသိအမှတ်ပြုခဲ့ပါသည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ဝန်ကြီးများက သဘောတူခဲ့ပြီး အဆိုပါဆွေးနွေးပွဲတွင် ညှိနှိုင်းခဲ့သော'လူသားများအတွက် အပူပိုင်းဒေသရေလုပ်ငန်းတည်တံ့ခိုင်မြဲရေးတွင် ဦးဆောင်ရန်'ဟု ဖော်ပြခဲ့သည့် အာဆီယံ၏ ရှုမြင်ဖော်ပြချက်ကို ဝန်ကြီးများက အတည်ပြုကြသည်။

(၉) ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၁ရက်နေ့၌ ကျင်းပပြုလုပ်မည့် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ၊ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၁၃)ကြိမ်မြောက် အစည်းအဝေးတွင် တင်ပြခဲ့သော ယင်းလုပ်ငန်းနှင့် ပတ်သက်၍ ဖြေရှင်း အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ အာဆီယံသုံးသပ်တင်ပြချက်ကို ဝန်ကြီးများက အတည်ပြုခဲ့ပါသည်။ အဆိုပါ တင်ပြချက်တွင် နိုင်ငံအလိုက် အဖွဲ့အစည်းများ အနီးကပ် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်၊ လုပ်ထုံးလုပ်နည်း ဥပဒေများအရ လိုက်နာဆောင်ရွက်ရန်အချက်၊ သိပ္ပံနည်းကျ သုတေသနနှင့် ကုန်သွယ်မှုတွင် ကြီးကြပ်ကွပ်ကဲမှုကို ဖိအားပေးရန်အချက်၊ နည်းပညာ နှင့် ရန်ပုံငွေ အထောက်အပံ့များ ရရှိရန် ကူညီပေးသည့် အဖွဲ့အစည်းများအား တိုက်တွန်းရန်အချက်တို့ကို ဖော်ပြခဲ့ပါသည်။

(၁၀) ယခု ၂၀၀၄ ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်အဖြစ် သတ်မှတ်ထားခဲ့သည့်အလျောက် အဖွဲ့ဝင်နိုင်ငံများ၌ အထိမ်းအမှတ်အဖြစ် အသီးသီးဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုများကို ဝန်ကြီးများက အားပေးထောက်ခံအတည်ပြုခဲ့ပါသည်။

(၁၁) ဒေသအတွင်း ဆန်စပါးမှာ အရေးကြီးသည့်အလျောက် ဆန်စပါးသုတေသနလုပ်ငန်းများအတွက် ထောက်ပံ့ကူညီရန် ပိုမိုလိုအပ်သဖြင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာနအား အပြည်ပြည်ဆိုင်ရာ အကူအညီပေးသည့် အဖွဲ့အစည်းများမှ ထောက်ပံ့ကူညီမှုများဆောင်ရွက်ပေးရန် ဝန်ကြီးများက တိုက်တွန်းခဲ့ပါသည်။

ဆန်စပါး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်း ဆန်စပါးစိုက်ပျိုးသည့် လယ်သမားများ၊စားသုံးသူများကို အကျိုးပြုမည် ဖြစ်ပါသည်။

(၁၂) ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်နှင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီး၏ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို အထောက်အကူပြုရန်အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်နှင့် ကမ္ဘာကြီး၏ ရာသီဥတု ပူနွေးလာမှုနှင့် ရေသယံဇာတ ရှားပါးလာမှုကြောင့် ဆန်စပါးထုတ်လုပ်မှုတွင် စိန်ခေါ်ချက်များအား ဖြေရှင်းဆောင်ရွက်နိုင်ရန် ဆယ်နှစ်တာကာလအတွင်း အကောင်အထည်ဖော်မည့် အစီအစဉ် တင်ပြချက်ကို ဝန်ကြီးများက အတည်ပြုပါသည်။ အာဆီယံ၏ ဆန်စပါးထုတ်လုပ်မှုကို ထိခိုက်စေသည့် အဆိုပါအချက်များအား လျော့နည်းစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အသေးစိတ်အစီအစဉ်များကို ရေးဆွဲရန်အတွက် အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာနနှင့် အာဆီယံ သက်ဆိုင်ရာအဖွဲ့များအား ဖိတ်ခေါ်ပါသည်။

(၁၃) စားနပ်ရိက္ခာလုံခြုံစိတ်ချရေးနှင့် ဆင်းရဲမှုလျော့နည်းရေးတို့အတွက် လယ်ယာကဏ္ဍမှာ အဓိကအခန်းမှ ပါဝင်သည့်အလျောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လယ်ယာစိုက်ပျိုးရေးအတွက် စွမ်းအားစုများအား အကျိုးရှိစွာ ခွဲဝေသုံးစွဲရန်လိုအပ်ပါသည်။

အာဆီယံဒေသအတွင်း ဆင်းရဲမှုနှင့် ငတ်မွတ်ခေါင်းပါးမှု ပပျောက်ရေးတို့အတွက် လယ်ယာကဏ္ဍတွင် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်ရေးနှင့် ကမ္ဘာ့စားနပ်ရိက္ခာ ထိပ်သီးညီလာခံ ရည်မှန်းချက်များအပေါ် နိုင်ငံများက လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် ကတိကဝတ်ပြုထားသည်နှင့်အညီ လယ်ယာကဏ္ဍတွင်ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်မှုမှာ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်များ ပိုမိုရရှိလာရေးတို့ကို ဖန်တီးလာနိုင်မည်ဖြစ်ပါသည်။ စားနပ်ရိက္ခာ လုံခြုံစိတ်ချရေးနှင့် ဆင်းရဲမှု ပပျောက်ရေးအတွက် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလိုအပ်ကြောင်း ကြေညာချက်အပေါ် ဝန်ကြီးများက အတည်ပြုပါသည်။

(၁၄) ၂၀၀၃ ခုနှစ် ဘာလီထိပ်သီးညီလာခံတွင် အာဆီယံခေါင်းဆောင်များမှချမှတ်ခဲ့သည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍသည် အရေးကြီးကြောင်းကို ဝန်ကြီးများက အလေးထားဖော်ပြခဲ့ပါသည်။ အာဆီယံဒေသအတွင်း ပေါင်းစည်းရေးလုပ်ငန်းစဉ်များ၊ အာဆီယံဒေသအတွင်း ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာဆောင်ရွက်နိုင်ရေး၊ ငွေလုံးငွေရင်း လွတ်လပ်စွာ စီးဆင်းမှုလုပ်ငန်းစဉ်များဖြင့် အာဆီယံဒေသအား တစ်စုတစ်စည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံအဖြစ် တည်ဆောက်ရန်အတွက် အဖွဲ့ဝင်နိုင်ငံ တစ်ခုချင်းအလိုက် လယ်ယာသားငါး သစ်တောကဏ္ဍ ယှဉ်ပြိုင်နိုင်မှု စွမ်းရည် တိုးမြှင့်ရန်အတွက် ဒေသအတွင်း အားထုတ်မှုများကို ဆက်လက်ဆောင်ရွက်ရန် အရေးကြီးကြောင်း ဖော်ပြပါသည်။

(၁၅) ၁၉၉၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်ကာလအတွင်း အကောင်အထည်ဖော်ခဲ့သည့် အစားအစာ၊ စိုက်ပျိုးရေးနှင့် သစ်တော ကဏ္ဍ အာဆီယံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် အဆင့်မြင့်အရာရှိများ၏ ထောက်ခံတင်ပြချက်များကို ဝန်ကြီးများမှ သုံးသပ်ခဲ့ပါသည်။ လာမည့်ကာလအတွင်း ဆက်လက်ဆောင်ရွက်ရမည့် မဟာဗျူဟာလုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ရာတွင် လက်ရှိမဟာဗျူဟာလုပ်ငန်းစဉ်များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဝန်ကြီးများက သဘောတူညီခဲ့ပါသည်။ အဆိုပါ မဟာဗျူဟာလုပ်ငန်းစဉ်များအနက် လယ်ယာကဏ္ဍတွင် (၁)ဒေသအတွင်း စားနပ်ရိက္ခာ လုံခြုံစိတ်ချရမှု ဆောင်ရွက်ချက်များ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်၊ (၂)အာဆီယံ၏ အစားအစာနှင့် လယ်ယာထွက်ကုန် ပစ္စည်းများ အပြည်ပြည်ဆိုင်ရာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးမြှင့်ရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်၊ (၃)အပြည်ပြည်ဆိုင်ရာနှင့် ဒေသအတွင်း ပေါ်ပေါက်လာသည့် ကိစ္စရပ်များအပေါ် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးတွဲချဉ်းကပ်မှုနည်းလမ်းများဖြင့် ဆောင်ရွက်ရန်၊ (၄)နည်း ပညာအသစ်များ လက်ခံဆောင်ရွက်ခြင်းနှင့် ဖလှယ်ခြင်းလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်၊ (၅)ပုဂ္ဂလိက ကဏ္ဍ ပါဝင်ဆောင်ရွက်မှုကို တိုးမြှင့်ရန်၊ (၆)သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရေးနှင့် ရေရှည်စီမံခန့်ခွဲ သုံးစွဲနိုင်ရေးကို ဆောင်ရွက်ရန်။

သစ်တောကဏ္ဍတွင် မဟာဗျူဟာ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များမှာ (၁)ရေရှည်တည်တံ့မည့် သစ်တောထိန်းသိမ်းစီမံခန့်ခွဲမှုကို ဆောင်ရွက်ရန်နှင့် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရန်၊ (၂) အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း သစ်တောကဏ္ဍဆိုင်ရာ ပေါ်ပေါက်သည့်အချက်များအပေါ် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပူးတွဲချဉ်းကပ်မှုကို ပိုမိုအားဖြည့်ဆောင်ရွက်ရန်၊ (၃)အာဆီယံဒေသတွင်းနှင့် အာဆီယံပြင်ပ သစ်တောထွက်ကုန်များ ကုန်သွယ်မှုနှင့် ပုဂ္ဂလိကကဏ္ဍ ပါဝင်ဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်ရန်၊ (၄)သစ်တောထွက်ကုန်များ ရေရှည်အသုံးပြုရေးနှင့် ထုတ်လုပ်မှုစွမ်းရည်ကို တိုးမြှင့်ဆောင်ရွက်ရန်၊ (၅)လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လုပ်ကိုင်နိုင်မှုစွမ်းရည် တိုးတက်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အသစ်များအတွက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သစ်များ အဆိုပြု၍ ဆောင်ရွက်သွားရန်။

(၁၆) ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအတွက် အရေးကြီးသည့် အစားအစာ၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ အာဆီယံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်(၂၀၀၅–၂၀၁၀)ကို ဝန်ကြီးများက အတည်ပြုပါသည်။ အဆိုပါ မဟာဗျူဟာလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် အသေးစိတ်အစီအစဉ်များကို ရေးဆွဲ၍ သက်ဆိုင်ရာ အဆင့်မြင့်အရာရှိများနှင့် သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့ အဆင့်ဆင့်တို့ကို ဝန်ကြီးများမှ တိုက်တွန်းပါသည်။ ၂၀၀၄ ခုနှစ် နိုဝင်ဘာလအတွင်း လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပပြုလုပ်မည့် အာဆီယံထိပ်သီးညီလာခံ အာဆီယံခေါင်းဆောင်များအားတင်ပြမည့် အစားအစာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍ ဗီယင်ကျန်းလုပ်ငန်းအစီအစဉ်ကို ဝန်ကြီးများက အတည်ပြုပါသည်။

(၁၇) အာဆီယံထွက်ကုန်ပစ္စည်းများ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးမြှင့်ရေးကို ဦးစားပေးချမှတ်ထားသည်နှင့်အညီ လယ်ယာနှင့် သစ်တောထွက်ကုန်များ တိုးမြှင့်ရေးအတွက် အာဆီယံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာသက်တမ်းအား နောက်ထပ်(၅)နှစ်တိုးမြှင့်ရန် ဝန်ကြီးများက သဘောတူခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ညှိနှိုင်းမှုများ၊ ကွန်ဗင်းရှင်းများနှင့်အညီ ဖြစ်ရန်အတွက် အဆိုပါနားလည်မှု စာချွန်လွှာ အပေါ် သုံးသပ်ရန် အဆင့်မြင့်အရာရှိများအား တိုက်တွန်းပါသည်။

(၁၈) ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ နှင့် ဗီယက်နမ်နိုင်ငံများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုံးနှစ်တာကာလအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အထောက်အပံ့အကူအညီများကို စုစည်း၍ ဆောင်ရွက်ရန် ဝန်ကြီးများက သဘောတူပါသည်။ အဆိုပါအစီအစဉ်တွင် ပညာသင်နှင့် သင်တန်းများ ပါဝင်ပါသည်။

(၁၉) မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူများအား ဤအစည်းအဝေးကြီးအား လက်ခံကျင်းပပေးသည့်အတွက် အာဆီယံအဖွဲ့ဝင် ဝန်ကြီးများက အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြပါသည်။ နောက်တစ်ကြိမ်ကျင်းပမည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၀၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပမည် ဖြစ်ပါသည်။ ။





ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လျက်ရှိကြသော ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Bui Ba Bong၊ အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များဖြစ်ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Fan Xiaojian၊ ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hiroyuki Kinoshita နှင့် ကိုရီးယားသမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hae-Sang Park၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး Dr. Azmi Mat Akhir တို့အား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဆေးဝါးကုသမှုခံယူနေသောကိုယ်စားလှယ်များအားကြည့်ရှုအားပေး

ရန်ကုန် အောက်တိုဘာ ၈

**အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် ကော်မတီဝင်များသည် ယနေ့ညနေပိုင်းတွင် မင်္ဂလာဒုံရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ဆေးဝါးကုသမှု ခံယူနေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား သွားရောက်ကြည့်ရှုအားပေးရာ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)ဒုတိယတပ်မှူး နှလုံးရောဂါအထူးကုပါရဂူ ဗိုလ်မှူးကြီးအောင်ကျော်ဇောနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။**

**ထောက်ပံ့ပစ္စည်းပေး**

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များက ဆေးဝါးကုသမှုခံယူနေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမန်းတင်အောင်သန်း၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးသန်းထိုက်၊ ဒေါက်တာ တင့်ဝေနှင့် ဒေါက်တာမြင့်သိန်းတို့အား တွေ့ဆုံအားပေးပြီး ကျန်းမာရေးထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ **(အောက်ပုံ)**

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် ကော်မတီဝင်များသည် ညနေ ၄ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**



## စူပါသတင်းဂျာနယ်ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၈**

ဂီတအသိုင်းအဝိုင်း အတွင်းနေရာတစ်ခုရရှိလာပြီဖြစ်တဲ့အဆိုတော်ငယ်ငယ်က Own Tune တစ်ပုဒ်မှ မရေးဖူးသေးဘူးတဲ့၊ ဝေဖန်ရေးဆရာတွေ ချီးကျူးခြင်းခံရတဲ့ အင်စပက်တာပက်ဂ္ဂျန်ပီးအဖြစ်သရုပ်ဆောင်ခဲ့ရသူ ကိုရီးယားရုပ်ရှင်မင်းသားရှင်ဟာကျွန်း၊ လူမင်းကြိုက်တဲ့ တေးရေးအဆိုတော် ကောင်းဆက်၏ ပုရပိုက်၊ နှစ်နှစ်ကျော်က စတင်ရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကားကို အပြီးသတ်ပြန်လည်ရိုက်ကူး နေသော ဒါရိုက်တာ၊ ဘိုဘိုဟန်၏ ထူးခြားစိတ်ဝင်စားစရာကောင်းသော Live Show၊ အခြားသူများဆိုခဲ့သော သီချင်းများကို မျိုးမြင့်လေး ပထမဆုံး ပြန်ဆိုပြီး ဒါရိုက်တာနောင်ထွန်းလွင်က ပထမဆုံး ရိုက်ကူးထားသော နတ်သျှင်နောင်ဗွီစီဒီ၊ ပြန်လည်ရိုက်ကူးမယ့် အဖေတစ်ခုသားတစ်ခုရုပ်ရှင်ဇာတ်ကားအတွက် စိတ်ကြိုက်ပရိဂျူဆာရှာဖွေနေတဲ့ ဒါရိုက်တာဦးနန္ဒ စသောပြည်တွင်းပြည်ပ ရုပ်ရှင်နှင့်ဂီတအနုပညာလောကမှ စူပါအနုပညာရှင်များအကြောင်းအပါအဝင် ရုပ်ရှင်ဗွီဒီယိုသရုပ်ဆောင်ရတနာပုံ၏ စူပါစတိုင်လ်အလှရောင်စုံဓာတ်ပုံတို့ဖြင့် အမှတ် (၃၄)"စူပါ"သတင်းဂျာနယ်ကို ဆင်တောင်ကြီးစာပေ အမှတ် ၄၁၊၂၉လမ်း ရန်ကုန်က ယနေ့ဖြန့်ချိကြောင်း သိရသည်။

**(က-ပ)**

## အနာကြီးရောဂါကင်းဝေးရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၈**

ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ အနာကြီးရောဂါကင်းဝေးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကန်ပတ်လမ်းရှိ ဟိုတယ်နီကိုး၌ ကျင်းပရာ အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာလူမှုရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး/ပြည်သူ့ကျန်းမာရေး) ဒေါက်တာရဲမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Stepham P.Jost နှင့် Sasakawa Memonial Health Foundation မှ Dr. Yo Yuasa တို့က အမှာစကားအသီးသီး ပြောကြားကြပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ အဆိုပါအစည်းအဝေးကို အောက်တိုဘာ ၆ ရက်အထိ ကျင်းပခဲ့ပြီး အစည်းအဝေးမှ ၂၀၀၅ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို သတ်မှတ်ညှိနှိုင်းရေးဆွဲခြင်း၊ သဘောတူညီမှုများရယူခြင်း စသည်တို့ကို အောင်မြင်စွာ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ဖွယ်

ရန်ကုန် အောက်တိုဘာ ၈

**၂၀၀၄ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၀၅ ပေခန့်မှ ၂၁ ဒသမ ၀၆ ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်းနေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးအကြောင်းကြားထားကြောင်း သိရသည်။**

(သတင်းစဉ်)

## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်းတစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

# အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေးဆက်လက်ဆောင်ရွက် နွမ်းပါးသည့်အမျိုးသမီးများအား သက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုပညာများသင်ကြားပေး

* *ကျော်ဖုံးမှ*

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညနေ၃နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ရောက်ရှိလာရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

## တက်ရောက်

အဆိုပါ တွေ့ဆုံသည့်အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ပြည်နယ်နှင့်တိုင်း တာဝန်ခံများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ၂၀၀၄ ခုနှစ် မတ်လမှ စက်တင်ဘာလ ၃၀ရက်အထိ ခုနစ်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြမည်ဖြစ်ပါကြောင်း၊ အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးစွမ်းအားစုတစ်ရပ် ဖြစ်ထွန်းလာရေးအတွက် အမျိုးသမီးများကိုယ်တိုင်ဦးဆောင်ပြီး မြန်မာအမျိုးသမီးများကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်စွာ တာဝန်ယူဆောင်ရွက်နိုင်ရန် "မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်"ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ၂၀ရက်က ဖွဲ့စည်းခဲ့ကြောင်း၊ "မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်"ကို ဂုဏ်ထူးဆောင်နာယကကြီးများ၊ နာယကကြီးများနှင့် ဗဟိုအမျိုးသမီးရေးရာအဖွဲ့များ ဖွဲ့စည်း၍ အခြေခံစည်းမျဉ်းများအတိုင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းပြီးသည့်နောက်တွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် ပြည်နယ်နှင့်တိုင်းများသို့ကွင်းဆင်း၍ အမျိုးသမီးရေးရာလုပ်ငန်းများကို ရှင်းလင်းခဲ့ရာ မတ်လလယ်တွင် အားလုံးကို လွှမ်းခြုံနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးပြုလုပ်သည့် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကြီးကို ၂၀၀၄ခုနှစ် မတ်လ ၂၈ရက်မှ ၂၉ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် အောင်မြင်စွာကျင်းပခဲ့ကြောင်း။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် ၁၃၂ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အဆောက်အအုံသစ်ကို ၂၀၀၄ခုနှစ် မေ၈ရက်က ဖွင့်လှစ်ခဲ့ကြောင်း။

## သိကောင်းစရာများပို့ချ

၂၀၀၄ခုနှစ် မေလအတွင်း၌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တို့တွင် ဖွင့်လှစ်ခဲ့သည့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသင်တန်းအမှတ်စဉ်(၇)နှင့် (၈)တို့ကို ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အဆိုပါသင်တန်းများတွင် အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ပို့ချစေခဲ့ကြောင်း။

အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများဦးဆောင်၍ အဖွဲ့များခွဲကာ ၂၀၀၄ ခုနှစ် ဇွန် ၂၃ရက်မှ ၂၀၀၄ခုနှစ် အောက်တိုဘာ ၈ရက်အထိ ဝန်ကြီးဌာန ၂၇ခုတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း ရှင်းလင်းခဲ့ကြောင်း။

၂၀၀၄ ခုနှစ် ဇူလိုင် ၃ရက် **"မြန်မာအမျိုးသမီးများနေ့"**အထိမ်းအမှတ် အကြိုလှုပ်ရှားမှုများအဖြစ် သစ်ပင်စိုက်ပျိုးပွဲ၊ မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲများကို ကျင်းပခဲ့ကြောင်း၊ **"မြန်မာအမျိုးသမီးများနေ့"** အခမ်းအနားကို ဇူလိုင် ၃ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)တွင်ကျင်းပခဲ့ပြီး အမျိုးသမီးများ အားကစားစွမ်းရည်ပြပွဲကို သုဝဏ္ဏအမျိုးသားအားကစားရုံ(၁)တွင် ဆက်လက်ပြုလုပ်ခဲ့ကြောင်း။

## လူကုန်ကူးမှုဆွေးနွေး

အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးကိစ္စရပ်များအနေဖြင့် ပြည်ပနိုင်ငံ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ UN အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့်လည်းကောင်း လက်ခံတွေ့ဆုံခဲ့ပါကြောင်း၊ ထို့ပြင် ဗီယက်နမ် အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌ Mrs. Nguyen Thi Hoar Thu နှင့် အဖွဲ့ကလည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများကို လာရောက်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အမျိုးသမီးကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း။

၂၀၀၄ခုနှစ် စက်တင်ဘာအထိ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့များနှင့် ဝန်ကြီးဌာနများမှ ပေးပို့လာသော စာရင်းများအရ အမျိုးသမီးရေးရာအဖွဲ့ဝင်အင်အား ၁၃၅၁၅၃၅ဦး ဖြစ်ပါကြောင်း။



**မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင် ဝင်းရွှေက မြန်မာ နိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်၏ လုပ် ငန်း ဆောင် ရွက် ချက် များ၊ ဆက်လက်ဆောင် ရွက်မည့် ရှေ့လုပ် ငန်း စဉ် များ နှင့် စပ်လျဉ်း၍ ရှင်း လင်းတင်ပြစဉ်။ (သတင်းစဉ်)**

ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်လျာထားချက်အနေဖြင့် ၂၀၀၄ ခုနှစ် အောက်တိုဘာလအတွင်းတွင် ပြည်ထဲရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပမည့် မဲခေါင်ဒေသ လူကုန်ကူးမှုဆိုင်ရာ Coordinated Mekong Ministerial Initiatives Against Trafficking (COMMIT) Ministrial Level အစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှလည်း ပူးပေါင်းပါဝင် ကူညီဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ထို့အပြင် ၂၀၀၄ခုနှစ် နိုဝင်ဘာလအတွင်းတွင် တတိယအကြိမ်မြောက် ASEAN Committee on Women(ACW) အစည်းအဝေးကို မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပရန် အလှည့်ကျသဖြင့် ယင်းအစည်းအဝေးကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာအမျိုးသမီးထု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြသည်။

## အဖွဲ့ဝင် ၁၃ သိန်းကျော်

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာတွင် ယနေ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ မိမိလာရောက်ခြင်းမှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှာကြားရန်ရှိသည်များကို မှာကြားရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ တင်ပြချက်များအရ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို သင်းဖွဲ့စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဖွဲ့စည်းခဲ့ပြီး ယခုဆိုလျှင် အသင်းဝင်အင်အား ၁၃သိန်းကျော် ရှိနေပြီဟုသိရှိရကြောင်း။

အဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းစဉ်ကပင် စနစ်တကျရှိခဲ့ပြီး ရည်ရွယ်ချက် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင်လည်း စည်းမျဉ်းစည်းကမ်းနှင့်ညီညွတ်မှု စနစ်တကျရှိမှုများကို တွေ့မြင်ရကြောင်း။

အဖွဲ့ချုပ်၏ ဗဟိုအဆင့်မှစ၍ အောက်ခြေအဆင့်အထိ အဆင့်ဆင့်သော အလုပ်အမှုဆောင်များအနေဖြင့် အဖွဲ့ချုပ်၏ရည်ရွယ်ချက် ရည်မှန်းချက်တာဝန်များကို တိတိကျကျ နားလည်သဘောပေါက်ကြပြီး တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အဓိကအားဖြင့် အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေး၊ ပညာပေးရေး၊ စည်းရုံးရေးလုပ်ငန်းများကို အဖွဲ့ချုပ်၏ ရည်ရွယ်ချက်များနှင့်အညီ တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားကြဖို့မှာကြားလိုကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ၅၀ဒသမ ၃ရာခိုင်နှုန်းခန့်ရှိနေသော အမျိုးသမီးထုကြီးကို စုစည်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်နိုင်အောင် အဖွဲ့ချုပ်ကြီးက ရှေ့ဆောင်အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် မိတ်ဖက်ဖြစ်သော (NGO) အဖွဲ့အစည်းများနှင့် စည်းလုံးညီညွတ်စွာပူးပေါင်း၍ အထောက်အကူပြုနိုင်သည့် အဖွဲ့ချုပ်တစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

## အကောင်အထည်ဖော်

ယခုကာလမှာ အဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ဆောက်နေသည့် ကာလဖြစ်ပြီး အဖွဲ့ချုပ်အောက်တွင်ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့များက မိမိတို့ကဏ္ဍအလိုက် သက်ဆိုင်ရာလုပ်ငန်းများကို တက်တက်ကြွကြွ ပညာပေးစည်းရုံး အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း။

ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့များအနက် "လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့"၊ "အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးလုပ်ငန်းအဖွဲ့"၊ "ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့"၊ "အမျိုးသမီးငယ်/ရွယ်လုပ်ငန်းအဖွဲ့"၊ "တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့"၊ "ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့"တို့အနေဖြင့် မိမိတို့သက်ဆိုင်ရာလုပ်ငန်းများကို ပီပီပြင်ပြင် ထိထိမိမိ ဖိဖိစီးစီး အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပြန်ကြားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဘဏ္ဍာရေး၊ စည်းကမ်းထိန်းသိမ်းရေးစသည့် လုပ်ငန်းအလိုက်ဖွဲ့စည်းထားသော လုပ်ငန်းအဖွဲ့များကလည်း မိမိတို့လုပ်ငန်းများကို ကဏ္ဍအလိုက် ဆက်လက်အကောင်အထည်ဖော်သွားကြရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ဗဟိုတွင် ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းထားပြီးဖြစ်သကဲ့သို့ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဖွဲ့များ ကျစ်လျစ်ခိုင်မာရေးနှင့် အရေအတွက်မှ အရည်အချင်းပြည့်ဝရေးအတွက်လည်း ပညာပေးမှုများဖြင့် စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

## ဆွေးနွေးပညာပေး

ယခုအချိန်မှာ ပွင့်လင်းရာသီသို့ရောက်ရှိချိန်ဖြစ်သည်နှင့်အညီ အဖွဲ့ချုပ်အလုပ်အမှုဆောင်များအနေဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ကွင်းဆင်းပြီးစားပွဲဝိုင်းဆွေးနွေးပွဲများ တိုးမြှင့်ကျင်းပကာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အဆင့်ဆင့်သောအလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်တကွဒေသခံ အမျိုးသမီးများအား သဘောထားခံယူချက်များ မှန်ကန်ကောင်းမွန်ရေး၊ ကျစ်လျစ်သိပ်သည်းသော ရည်ရွယ်ချက် ရည်မှန်းချက်မှန်ကန်သော အဖွဲ့အစည်းများဖြစ်ရေး၊ အရည်အချင်းပြည့်ဝသော အသင်းဝင်များ ဖြစ်ထွန်းရေးတို့အတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပညာပေးသွားကြရန် မှာကြားလိုကြောင်း။

တစ်ဖက်ကလည်း လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး၊ အမျိုးသမီးငယ်/ရွယ်များအား အသိပညာပေးရေး၊ လေ့ကျင့်ပျိုးထောင်ရေး၊ တိုင်းရင်းသားစည်းရုံးရေး၊ မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း တိုးချဲ့စည်းရုံးသွားကြရန်နှင့် မြန်မာအမျိုးသမီးတစ်ရပ်လုံးအား အဘက်ဘက်မှ အထောက်အကူပေးနေသည့် အဖွဲ့ချုပ်ကြီးအဖြစ် ရပ်တည်နိုင်အောင် ကြိုးစားကြစေလိုကြောင်း။

## ပညာပေးသင်တန်းဖွင့်

အထူးသဖြင့် နွမ်းပါးသည့် အမျိုးသမီးများအား သက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုပညာများ သင်ကြားပေးနိုင်ရန် သက်မွေးဝမ်းကျောင်းပညာသင်တန်းများကို စီစဉ်ဖွင့်လှစ်ပေးရန်လိုကြောင်း၊ အမျိုးသမီးငယ်/ရွယ်များအတွက် ပေါ့ပါးသွက်လက်သည့် ပညာပေး ရက်တိုသင်တန်းများကိုလည်း စီစဉ်ဖွင့်လှစ်ပေးရန်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာအမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာအမျိုးသမီးဘဝ လုံခြုံရေးတို့အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အဖွဲ့ချုပ်၏ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အဖွဲ့ချုပ်အဆင့်ဆင့်နှင့် လုပ်ငန်းအဖွဲ့အသီးသီးတို့က အလေးထားလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## မြန်မာအမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်

- အဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းစဉ်ကပင် စနစ်တကျရှိခဲ့ပြီး ရည်ရွယ်ချက် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင်လည်း စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်မှု စနစ်တကျရှိမှုများကို တွေ့မြင်ရ၊
- ယခုဆိုလျှင် အသင်းဝင် အင်အား ၁၃သိန်းကျော် ရှိနေပြီဖြစ်၊
- အဖွဲ့ချုပ်၏ ဗဟိုအဆင့်မှစ၍ အောက်ခြေအဆင့်အထိ အဆင့်ဆင့်သော အလုပ်အမှုဆောင်များ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်တာဝန်များကို တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်၊
- အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ဗဟိုတွင် ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းထားပြီးဖြစ်သကဲ့သို့ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဖွဲ့များ ကျစ်လျစ်ခိုင်မာရေးနှင့် အရေအတွက်မှ အရည်အချင်းပြည့်ဝရေးအတွက်လည်း ပညာပေးမှုများဖြင့် စည်းရုံးဆောင်ရွက်၊
- မြန်မာအမျိုးသမီး တစ်ရပ်လုံးအား အဘက်ဘက်မှ အထောက်အကူပေးနေသည့် အဖွဲ့ချုပ်ကြီးအဖြစ် ရပ်တည်နိုင်အောင်ကြိုးစား။

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့





မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၅) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**● ကျောဖုံးမှ**

အဆိုပါ သင်တန်းဆင်းအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

## နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာ၊ ဆင်ခြင်တုံတရားမြင့်မားမှ နိုင်ငံတော်ကိုတည်ဆောက်ထိန်းသိမ်းနိုင်မည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး အသိပညာ၊ ဗဟုသုတရှာဖွေလေ့လာဆန်းစစ်မှုကို အမြဲစိတ်ဝင်စားလာအောင် စည်းရုံးလမ်းပြ

### အမျိုးသားပညာရည်မြင့်မားရေးရည်မှန်းချက်များ လက်တွေ့ရုပ်လုံးဖော်ပေးနေ

- ❒ နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများက ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းတစ်ခုတည်းမှာပင် နှစ်အလိုက် ပံ့ပိုးလှူဒါန်းမှုများ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာနေသည်ကို မြင်တွေ့ရ၊
- ❒ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ကျပ်သန်း ၂၈၀ ကျော်၊ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ကျပ်သန်း ၅၆၀ ကျော်နှင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ကျပ်သန်း ၉၀၀ နီးပါးခန့်ရှိ၊
- ❒ အသက်ငါးနှစ်အရွယ်ကလေးများ၏ သူငယ်တန်းကျောင်းနေနှုန်းမှာလည်း တစ်နှစ်ထက်တစ်နှစ် မြင့်မားတိုးတက်လာနေပြီး ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ရာနှုန်းပြည့်နီးပါးခန့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းကိုရောက်နေပြီဖြစ်၊
- ❒ မြန်မာလူမျိုးများ၏ စေတနာ၊ သဒ္ဓါနှင့် ပညာရေး အပေါ်တွင် စိတ်ပါဝင်စားမှုများကြောင့် ပြည်သူလူထုပူးပေါင်းပါဝင်ရမည့် ပညာရေးအစီအစဉ်များမှာ မလွဲမသွေပြီးမြောက်အောင်မြင်၊
- ❒ ဆရာသည် စာသင်ကြားနေသော ဆရာအဖြစ်သာမက အနာဂတ် မျိုးဆက်သစ်ကျောင်းသားများအတွက် စံပြုနိုင်သည့်ပုဂ္ဂိုလ်၊ အတုယူနိုင်သည့် ပုဂ္ဂိုလ်ဖြစ်ရန် လိုအပ်၊
- ❒ နိုင်ငံတော်အပိုင်းကလည်း အမျိုးသားပညာရည်မြင့်မားရေးအတွက် လိုအပ်သည့်မူဝါဒများ၊ မြင့်မားသည့် ရည်မှန်းချက်များ၊ လက်တွေ့ကျသည့် စီမံကိန်းများနှင့်အစီအမံများကို ခိုင်ခိုင်မာမာ ညှိနှိုင်းချမှတ်ပြီး လက်တွေ့ရုပ်လုံးဖော်ပေးနေ၊
- ❒ ဆရာ ဆရာမများအပိုင်းကလည်း ယုံကြည်ချက်၊ ခံယူချက်နှင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုရှိသော သိက္ခာရှိသည့် ပညာရေးဝန်ထမ်းများဖြစ်အောင် ကျင့်ကြံကြိုးစားကြပြီး အမျိုးသားပညာရေးရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိအောင် စေတနာထက်ထက်သန်သန်ဖြင့် ပါဝင်လုပ်ကိုင်။

#### တက်တက်ကြွကြွထမ်းဆောင်

သင်တန်းဆင်းအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ဆရာ ဆရာမများအနေဖြင့် ယခုသင်တန်း၌ ပညာရေးကဏ္ဍနှင့် စပ်လျဉ်းပြီး လေ့လာသိရှိသင့်သည်များကို အတိုင်းအတာတစ်ရပ်အထိ လေ့လာခဲ့ကြပြီးဖြစ်ကြောင်း၊ သင်တန်း၌ရရှိခဲ့သော အသိအမြင်များ၊ အတွေးအခေါ်များကို မိမိတို့သက်ဆိုင်ရာနယ်မြေများကို ပြန်ရောက်သည့်အခါ ကျန်ပညာရေးဝန်ထမ်းများအပြင် နီးစပ်ရာမိဘပြည်သူများကို နားလည်သဘောပေါက်အောင် ထပ်ဆင့်မျှဝေပြောပြနိုင်ရမည်ဖြစ်သကဲ့သို့ မိမိတို့၏ပညာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကိုလည်း ဤအတွေးသစ်၊ အမြင်သစ်များကိုအခြေခံပြီး ဖိဖိစီးစီး ထိထိရောက်ရောက် တက်တက်ကြွကြွ ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း။

မျက်မှောက်ကာလသည် ပညာရေးနှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၏ အလုပ်ဆိုပြီး ကန့်သတ်မထားဘဲ တစ်နိုင်ငံလုံး ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကာလဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်ကြီးကို တစ်နိုင်ငံလုံး တစ်မျိုးသားလုံး ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း။

#### အောင်မြင်နေပြီ

နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများက ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းတစ်ခုတည်းမှာပင် နှစ်အလိုက်ပံ့ပိုးလှူဒါန်းမှုများကို လေ့လာဆန်းစစ်ကြည့်မည်ဆိုလျှင် တစ်နှစ်ထက်တစ်နှစ် တိုးပွားလာနေသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ကျပ်သန်း ၂၈၀ ကျော်၊ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ကျပ်သန်း ၅၆၀ ကျော်နှင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ကျပ်သန်း ၉၀၀ နီးပါးခန့်ရှိကြောင်း ဝမ်းမြောက်ဖွယ်ရာ မြင်တွေ့ရမည်ဖြစ်သကဲ့သို့ အသက်ငါးနှစ်အရွယ် ကလေးများ၏ သူငယ်တန်းကျောင်းနေနှုန်းမှာလည်း တစ်နှစ်ထက်တစ်နှစ် မြင့်မားတိုးတက်လာနေပြီး ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ရာနှုန်းပြည့်နီးပါးခန့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းကိုရောက်နေပြီဟု ခန့်မှန်းတွက်ချက်ရသည့်အထိ အောင်မြင်နေပြီဖြစ်ကြောင်း။

ယင်းအောင်မြင်မှုများက လူ့အဖွဲ့အစည်း၏ ကူညီစောင့်ရှောက်မှုပါမှသာ ပညာရေးအနေဖြင့် ဖွံ့ဖြိုးနိုင်ကြောင်း လက်တွေ့သာဓက ပြဆိုနေခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာလူမျိုးများ၏ စေတနာ၊ သဒ္ဓါနှင့် ပညာရေးအပေါ်တွင် စိတ်ပါဝင်စားမှုများကြောင့် ပြည်သူလူထု ပူးပေါင်းပါဝင်ရမည့် ပညာရေးအစီအစဉ်များမှာ မလွဲမသွေ ပြီးမြောက်အောင်မြင်မည်ဖြစ်ကြောင်း။

ဤနေရာ၌ ဆရာများ၏ အခန်းကဏ္ဍများ ပိုပြီးအရေးပါလာလျက်ရှိကြောင်း၊ ဆရာသည် စာသင်ကြားနေသော ဆရာအဖြစ်သာမက အနာဂတ်

မျိုးဆက်သစ်ကျောင်းသားများအတွက် စံပြုနိုင်သည့်ပုဂ္ဂိုလ်၊ အတုယူနိုင်သည့် ပုဂ္ဂိုလ်ဖြစ်ရန် လိုအပ်ပါကြောင်း၊ အနာဂတ်မျိုးဆက်သစ်များကို ပုံသွန်းလောင်းနေသည့် ဆရာသည် ရှင်သန်တက်ကြွမှုလည်းမရှိ၊ ဝေဖန်ဆန်းစစ်နိုင်အားလည်းမရှိ၊ ဗဟုသုတလည်း မပြည့်စုံသည့် အားနည်းမှုများရှိနေခဲ့မည်ဆိုလျှင် တပည့်များ၏ အနာဂတ်သည်လည်း အာမခံနိုင်မှုမရှိသော ရေစီးကြောင်း၌ မျောပါ သွားနိုင်သည့် အခြေအနေမျိုးဖြစ်ပေါ်လာနိုင်သည်ကို တွေးမြင်တတ်ကြရမည်ဖြစ်ကြောင်း။

## တန်ဖိုးရှိစွာခံယူ

ခြုံလိုက်လျှင် ပညာရေးစနစ်၌ ဆရာသည် ကျောင်းသူ ကျောင်းသားများကို အဆင့်အလိုက်၊ အတန်းအလိုက် အမှန်တကယ်စာတတ်မြောက်စေရုံသာမက အသိပညာ၊ ဗဟုသုတ၊ ရသပွားများတတ်ပြီး စိတ်ထားမှန်ကန်ရန်၊ ဝီရိယရှိရန်၊ စည်းကမ်းရှိရန်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရှိရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ ယင်းတာဝန်များသည် ဆရာ ဆရာမတို့၏ မွန်မြတ်လှသည့် ဘဝပေးတာဝန်များအဖြစ် တန်ဖိုးရှိစွာ ခံယူကြရမည်ဖြစ်ကြောင်း။

ယခုအချိန်အခါတွင် နိုင်ငံတော်အပိုင်းကအမျိုးသားပညာရည်မြင့်မားရေးအတွက် လိုအပ်သည့်မူဝါဒများ၊ မြင့်မားသည့်ရည်မှန်းချက်များ၊ လက်တွေ့ကျသည့် စီမံကိန်းများနှင့်အစီအမံများကို ခိုင်ခိုင်မာမာ ညှိနှိုင်းချမှတ်ပြီး လက်တွေ့ရုပ်လုံးဖော်ပေးနေပြီဖြစ်သကဲ့သို့ ပြည်သူလူထုအပိုင်းကလည်း ၎င်းတို့ပါဝင်ရမည့် ပညာရေးလုပ်ငန်းများတွင် အပြည့်အဝပါဝင်ပူးပေါင်းနေပြီဖြစ်သည့်အတွက် ဆရာ ဆရာမများအပိုင်းကလည်း ယုံကြည်ချက်၊ ခံယူချက်နှင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုရှိသော သိက္ခာရှိသည့်ပညာရေးဝန်ထမ်းများဖြစ်အောင်ကျင့်ကြံကြိုးစားကြပြီး အမျိုးသားပညာရေးရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိအောင် စေတနာထက်ထက်သန်သန်ဖြင့် ပါဝင်လုပ်ကိုင်ဆောင်ရွက်သွားကြရန် အထူးအရေးကြီးပါကြောင်း။

## ထူထောင်စောင့်ရှောက်

သို့မှသာလည်း အနာဂတ်ပညာရေး၏ အားကောင်းမှုများဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာနှင့် ဆင်ခြင်တုံတရားများ အဆင့်အတန်းရှိရှိမြင့်မားလာမှသာ နိုင်ငံတော်ကို တည်ဆောက်ထိန်းသိမ်းနိုင်မည်ဖြစ်သကဲ့သို့ ဗြဟ္မစိုရ်တရားနှင့် လောကပါလတရားများကိုအခြေခံသော စစ်မှန်သည့်ဒီမိုကရေစီ လူနေမှုဘဝကိုလည်း ထူထောင်စောင့်ရှောက်နိုင်မှာ သေချာပါကြောင်း။

ထို့ကြောင့် ဆရာ ဆရာမတို့သည် နိုင်ငံသားများ၏ ပညာရည် အဆင့်အတန်းမြင့်မားအောင် ကြိုးပမ်းရာ၌ မိမိတပည့်များ၏စာပေတတ်မြောက်မှု၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားမှု၊ အကျင့်စာရိတ္တကောင်းမွန်မှုတို့ကို အလေးပေးရမည်ဖြစ်သကဲ့သို့ မိမိတို့ဆရာများ၏စွမ်းဆောင်ရည်၊ အသိပညာနှင့် ဗဟုသုတတို့ကိုလည်း ပြောင်းလဲနေသော ခေတ်ကာလနှင့်အညီ အမြဲမြင့်တင်နေကြပြီး အမြဲပြန်လည် ဆန်းစစ်လေ့လာပျိုးထောင်နေရမည် ဖြစ်ပါကြောင်း။

တစ်ချိန်တည်းမှာပင် မိမိအပါအဝင်ဖြစ်သော လူ့အဖွဲ့အစည်းတစ်ရပ်လုံးကိုယ်တိုင်က အသိပညာ၊ ဗဟုသုတ ရှာဖွေလေ့လာဆန်းစစ်မှုကို အမြဲစိတ်ဝင်တစား ဆောင်ရွက်နေသည့် လူ့အဖွဲ့အစည်းဖြစ်လာအောင် ဆွဲဆောင်စည်းရုံးလမ်းပြနိုင်ကြရမည်ဖြစ်ကြောင်း။

## အသက်ဝိညာဉ်ဖြစ်

ယနေ့နိုင်ငံတော်၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်အားလုံးတွင် ဦးတည်ချက်များ ခိုင်ခိုင်မာမာချမှတ်ပြီး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများလုပ်ဆောင်နေရခြင်း၏ တကယ့်အဓိပ္ပာယ်မှာ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့်ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက်ပင်ဖြစ်ပါကြောင်း၊ ဤအရေးသုံးပါးသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံသားအားလုံး၏ အသက်ဝိညာဉ်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုကြီး၏ အေးမြသည့်အရိပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ ကြီးမားသည့်အင်အား၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၏ထက်မြက်တန်ဖိုးကြီးမားမှုတို့ကို တပည့်များ၏ ရင်ထဲအသည်းထဲ၌ စိမ့်ဝင်နေအောင်၊ နားလည်နေအောင်၊ ရှင်းလင်းပြောဆိုနေကြရမည်ဖြစ်ပါကြောင်း။

တစ်မျိုးသားလုံးခံယူရမည့် ယင်းအခြေခံမူဝါဒများမှာ သားစဉ်မြေးဆက်အထိ အဆင့်ဆင့်လက်ဆင့်ကမ်း အမွေပေးသွားရမည့် မူဝါဒပင်ဖြစ်ပါကြောင်း။

အထူးသဖြင့် ပြည်တွင်းပြည်ပ အဖျက်အမှောင့် ပယောဂမျိုးစုံ လုပ်ကြံဖန်တီးထားသည့် ယခုကဲ့သို့ အချိန်အခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အုတ်မြစ်ကို ခိုင်ခိုင်မာမာချထားနိုင်ရန် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ပွားများနေရန် အထူးလိုအပ်လှပါကြောင်း။

## ကြိုးပမ်းဖော်ဆောင်

နိဂုံးချုပ်အားဖြင့် ဆရာ ဆရာမတို့သည် စာပေသင်ကြားနေသည့် ပုဂ္ဂိုလ်များအဖြစ်သာမက လူ့အဖွဲ့အစည်းကို ပြုစုပျိုးထောင်သူများ၊ လူ့အဖွဲ့အစည်းကောင်းကျိုးအတွက် ဆောင်ရွက်သူများ အဖြစ် ထိုက်ထိုက်တန်တန် ခံယူပြီး မိမိတို့ကျောင်းအလိုက် တိုးတက်အောင်မြင်မှုများ ပိုမိုရရှိအောင်၊ မိမိနှင့်ဆက်စပ်နေသော ရပ်ရွာဒေသဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးအောင် ပြည်သူများ၏ အသိပညာ၊ ဗဟုသုတ တိုးပွားသည်ထက်တိုးပွားအောင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်အောင် ကြိုးပမ်းဖော်ဆောင်သွားကြပါဟု မှာကြားလိုပါကြောင်းဖြင့် ပြောကြားသွားသည်။

## သင်တန်းဆင်းလက်မှတ်ပေး

ထို့နောက် သင်တန်းသား သင်တန်းသူများအား ဆုချီးမြှင့်ခြင်းနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခြင်းအစီအစဉ်ကို ဆက်လက် ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်(အက်ဖ်–၃၇) ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် ရွှေကူအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြ ဆရာဦးအောင်ကျော်မျိုးအားလည်းကောင်း၊ သင်တန်းသူ စံပြဆုကို သင်တန်းသူအမှတ် (ဘီ–၆၁) ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက် အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ဝါဝါနိုင်အားလည်းကောင်း၊ သင်တန်းသား ဖွဲ့လုံ့လဆုကို သင်တန်းသား အမှတ်(အက်ဖ်–၁၉၈) ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကြာထုံးအခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစိန်ထွန်း သင်တန်းသူ ဖွဲ့လုံ့လဆုကို သင်တန်းသူအမှတ်(အီး–၁၃၄) ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် အမှတ် (၁၈) အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်နွဲ့နွဲ့ဝင်းနှင့် သင်တန်းသူအမှတ်(စီ–၂၄) ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်သန်းငွေ တို့အားလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က စံပြအဆောင်ဆုကို အမျိုးသမီးတပ်ခွဲ(၈) အဆောင်(၄)မှ သင်တန်းသူများအားလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှ တစ်ဆင့်သင်တန်းသား သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပေး

ထို့နောက် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများက သာသနာရေး၊ ပညာရေးနှင့်လူမှုရေး အလှူငွေ စုစုပေါင်း ငွေကျပ် ၂၂၇၁၇၀ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး နံနက်ပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

**နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)**



## ရွှေသွေးဂျာနယ် အထူးထုတ်ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၈**

ရွှေသွေးတို့ အကြိုက် ရွှေသွေးဂျာနယ်အထူးထုတ် (၂၀၀၄) ကိုစာပေဗိမာန်က ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ အဆိုပါ စာအုပ်တွင် ရဲရင့်မြင့်မြတ်သူရဲကောင်း စိတ်ဓာတ်၊ ထူးဆန်းသော လက်ပံပင်ကြီး၊ဖိုးကတုံး၊ စိန်မျောက်မျောက်စသည့် လေးရောင်ခြယ် ပန်းချီကာတွန်း ၁၅ပုဒ်၊ ဝတ္ထု၊ ကဗျာ၊ တစ်မျက်နှာကာတွန်း၊ ပုံပြင်၊ သုတ ပဟေဠိ၊ထူးချွန်လူငယ်၊ သချ်ာမော်၊ ပျော်စရာရွှင်စရာ စသည့် ကဏ္ဍများ၌ ရွှေသွေးတို့အကြိုက် ကာတွန်းပညာရှင်များ၏ သရုပ်ဖော်ပုံများဖြင့် ပုံနှိပ်ထားသည်။ ရောင်းဈေးမှာ တစ်အုပ် ကျပ် ၅၀၀ ဖြစ်သည်။

ရွှေသွေးဂျာနယ် အထူးထုတ်ကို ရန်ကုန်မြို့ ရတနာပုံဈေးသစ် (ဒုတိယထပ်) ရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် နယ်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နှစ်(၆၀)ပြည့်တပ်မတော်နေ့အခမ်းအနား ပိုမိုစည်ကားစွာကျင်းပနိုင်ရေး ယခင်နှစ်များထက် မလျှော့သောဇွဲ၊လုံ့လ၊ဝီရိယဖြင့် ကြိုးစားဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၈

**၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

## တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်ချုပ်အောင်ကြည်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

## ဆွေးနွေးအကြံပြု

ညှိနှိုင်းအစည်းအဝေးတွင် နှစ်(၆၀) ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ ယခု အစည်းအဝေးသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားကျင်းပရေး အတွက် ပထမဆုံးအကြိမ် ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကြီးကို နှစ်စဉ်အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အတွက် အလွန်ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း၊ ယခုကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အခမ်းအနားကိုလည်း ယခင်နှစ်များကထက်ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီအသီးသီးက ယခုအချိန်မှစ၍ ယခင်နှစ်များကထက်မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စစ်ရေးပြ အဆောင်အယောင် ပိုမိုကောင်းမွန်ရေး၊ စစ်ရေးပြအဆင့်အတန်းမြင့်မားရေး၊ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများအတွက် အုပ်ချုပ်ထောက်ပံ့မှုနှင့် သက်သာချောင်ချိရေး လုပ်ငန်းများ ဆောင်ရွက်မှု ကောင်းမွန်ရေး၊ ခြိုးခြံချွေတာရေးတို့ကို အလေးထားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကြီး ခမ်းနားထည်ဝါစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး ကော်မတီအသီးသီးက လိုအပ်သည်များကို ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယစစ်ရေးချုပ် ဗိုလ်မှူးကြီးခင်စိုးက ကျင်းပပြီးစီးခဲ့သည့်(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းပြန်လည်သုံးသပ်ညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

## အစီအစဉ်

ယင်းနောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက စီမံခန့်ခွဲရေးကော်မတီ၏ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြပြီး ကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပါဝင်စစ်ရေးပြရန် စီစဉ်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## အကြံပြု

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသူများက နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## ထူးခြားမြစ်ရေ

ရန်ကုန် အောက်တိုဘာ ၈

**ဧရာဝတီမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် နှစ်ရက်မှ ငါးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့ တို့တွင် ငါးပေခန့်၊ မန္တလေး မြို့နှင့် စစ်ကိုင်းမြို့တို့တွင် လေးပေခန့်နှင့် ညောင်ဦး မြို့တွင် ခြောက်ပေခန့် လက်ရှိ ရေမှတ်များအထက်သို့ မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

(မြန်မာ့အလင်း)

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအကြို ဂုဏ်ပြုဆောင်းပါး

# မြန်မာ့သဘင်နှင့် သူတို့အမြင် (၁)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးကို အမျိုးသားအဆင့် ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် ဒွါဒသမအကြိမ် (၁၂ကြိမ်) ရောက်ခဲ့ပါပြီ။ ထိုကာလအတွင်း ပေါ်ထွန်းလာခဲ့သော မျိုးဆက်သစ်ပညာရှင်များက ပြိုင်ပွဲကြီး၏ အောင်မြင်မှုကို သာဓကပြုနေကြသည်။ မြန်မာ့ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးတို့ကို ရှေးအခါကပင် ရပ်နီးရပ်ဝေး တိုင်းတစ်ပါးတို့က အာရုံပြုလေ့လာမှတ်တမ်းတင်ခဲ့ကြသည်။ အေဒီ ၈၀၂ ခုနှစ်က တရုတ်ပြည် တန်မင်းဆက် ဘုရင့်ထံသို့ သွားရောက်ခဲ့သော ပျူသံအဖွဲ့နှင့်အတူ ပါသွားသော ပျူယဉ်ကျေးမှုအဖွဲ့အကြောင်းကို တရုတ်အနုပညာရှင်တို့က သေချာစွာလေ့လာမှတ်တမ်းတင်ခဲ့သော အထောက်အထားများရှိသည်။ အလားတူ မြန်မာဘုရင်များအဆက်ဆက်က ခစားရောက်လာသော အရှေ့၊ အနောက်မှနိုင်ငံခြားသားတို့သည်လည်း မြန်မာ့သဘင်အကြောင်း လေ့လာရေးသားခဲ့ကြသည်။ ဗြိတိသျှကိုလိုနီဘဝတွင် ရှိစဉ်ကနှင့် လွတ်လပ်ရေးရပြီးသည့်နောက် ယနေ့တိုင်အောင် မြန်မာ့ဂီတ၊ ဇာတ်သဘင်၊ ရုပ်သေး၊သီချင်းတို့ကို သုတေသနပြုခြင်း၊ ဘွဲ့ဒီဂရီအတွက် ကျမ်းပြုစုရေးသားခြင်းများပြုလုပ်လျက်ရှိရာ ကမ္ဘာ့တက္ကသိုလ်များတွင် မြန်မာ့ဂီတ၊ မြန်မာ့တူရိယာ၊ မြန်မာ့ရုပ်သေး၊ ဇာတ်သဘင်များအကြောင်း ပြုစုထားသော ဒေါက်တာဘွဲ့ယူကျမ်းများရှိသည်။ မဂ္ဂဇင်းစာစောင်များတွင်လည်း ဓာတ်ပုံများနှင့် ရေးသားဖော်ပြကြသည်။ South-East Asia and the Germans စာအုပ်တွင် ဖော်ပြထားသော Tonny Rosinig ရေးသည့် "Ma Hla Shwe Dances" ဆောင်းပါးကို ဒွါဒသမ အကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့သဘင်နှင့် သူတို့အမြင် ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ဘာသာပြန်ဆိုဖော်ပြလိုက်ပါသည်။

အငြိမ့်သမကလေး မလှရွှေ ကသောအခါ ပွဲကြည့်ပရိသတ်က ငြိမ်သက်စွာ ကြည့်နေကြသည်။ သွယ်ပျောင်းသော ခန္ဓာကိုယ်ကလေးကို စည်းဝါးကျကျ ညက်ညောစွာ လှုပ်ရှားလိုက်ပြီး ချစ်စရာအပြုံးကလေးကိုဆောင်သော မျက်နှာကလေးကို ပွဲကြည့်ပရိသတ်ဘက်သို့ လှည့်လိုက်သောအခါ ပရိသတ်ကလည်း အပြုံးနှင့် တုံ့ပြန်အားပေးလိုက်ကြသည်။ သဘင်သည်နှင့် ပွဲကြည့်ပရိသတ်တို့ အပြန်အလှန်ဖလှယ်သော ပီတိအပြုံးသည်ကား မြန်မာ့ဇာတ်သဘင်ကို သိုင်းခြုံထားသော မေတ္တာစောင်ပင် ဖြစ်တော့သည်။

အနုပညာရသကို ခံစားနေသော မြန်မာပွဲကြည့်ပရိသတ်သည် ကျယ်လောင်စွာ အားပေးမှုမျိုးဖြစ်သော လက်ခုပ်တီးခြင်း၊ ခြေဆောင့်နင်းခြင်း မလုပ်ကြ၊ ခံစားနေသောရသတွင် နစ်မျောပါနေကြရင်း ပီတိပြုံးနှင့်သာ ငြိမ်သက်အားပေးကြသည်။ အာရှတိုက်တွင် သဘင်သည်နှင့် ပွဲကြည့်ပရိသတ်သည် အပြန်အလှန် အမှီသဟဲပြုကြလေ့ရှိသည်။ သဘင်သည်သည် ပွဲကြည့်ပရိသတ်၏ တုံ့ပြန်မှုကို သတိပြုရသလို ပွဲကြည့်ပရိသတ်ကလည်း သဘင်သည်သည် ၎င်း၏ပညာကို ကောင်းစွာတတ်ကျွမ်းမှုရှိ၊ မရှိအကဲခတ်သည်။ ထို့ကြောင့် ပွဲကြည့်ရာတွင် သဘင်သည်၏ ကပြ သရုပ်ဆောင်ခြင်းကိုသာ ကြည့်ရုံမကသေး၊ သဘင်သည်၏ ရသခံစားမှုကိုပါ ရှာကြည့်ကြသည်။

မိုးသည် စပါးကွင်းများ၏ အသက်သခင်ဖြစ်သလို မြန်မာ့ဇာတ်သဘင်သည် မြန်မာတို့၏ ဘဝပင်ဖြစ်သည်။ အက၊အခုန်၊အတီး၊အမှုတ်၊ အသီအဆို၊ ဇာတ်ခင်းမှုစသော အခြေခံအနုပညာရပ်များတွင် မြန်မာတို့သည် အခြားကိစ္စများထက် အချိန်ကို များစွာပေးကာ လိုက်စားခဲ့ကြသည်။ ငယ်စဉ်ကပင် ကတမ်း ခုန်တမ်းကစားခြင်း၊ ဇာတ်ခင်းကစားခြင်းပြုခဲ့ကြသည်။ များစွာသော ဘုရားပွဲ၊ အလှူပွဲ၊ ရာသီပွဲများတွင် မြန်မာတို့သည် အလွန်ပျော်ရွှင်တတ်ကြပြီး ကခြင်း၊ အိုးစည်၊ ဒိုးပတ်၊ လင်းကွင်း၊ ဗုံမောင်းတို့ကို တီးမှုတ်ခြင်းဖြင့် သဘင်ရသကို ခံစားကြသည်။ ကျွဲ၊ နွားကျောင်းရာမှာပင် ဝါးပလွေကလေးမှုတ်ကာ ဂီတရသကို ခံစားနေတတ်ကြသည်။

**မြန်မာတို့သည် အနုပညာကို ခံစားတတ်ကြသည်။ စေတီ၊ ပုထိုးများ၊ ပန်းပုလက်ရာများဖြင့် တင့်တယ်လှသော တန်ဆောင်း ပြာသာဒ်များ၊ဝါးရုံများ၊ ကြာအိုင်များနှင့် လုံမပျိုကလေးတို့ ရင့်ကျူးလိုက်သော ဂီတသံများတို့မှာ သူတို့၏ ဘဝပတ်ဝန်းကျင်ဖြစ်သည်။ သူတို့ကား အပြုံးကမ္ဘာတွင်နေသူတို့တည်း။**

ယင်းအပြုံးကမ္ဘာသည်ပင် မြန်မာ့သဘင်ကို ဖန်တီးပေးခဲ့သည်ဟု ဆိုရပေမည်။ မြန်မာနိုင်ငံသည် ပထဝီဝင် အနေအထားအရ တရုတ်နိုင်ငံနှင့် အိန္ဒိယ နိုင်ငံကြီးနှစ်ခုကြားတွင် တည်ရှိသော်လည်း မြန်မာ့ဇာတ်သဘင်သည် ယင်းအိမ်နီးချင်းနိုင်ငံကြီးနှစ်ခု၏ ဖွံ့ဖြိုးလှသော ယဉ်ကျေးမှုများ၏ လောင်းရိပ်မိမှုကို မခံခဲ့ရချေ။ ဤအချက်ကား အခြားအရှေ့တောင်အာရှ နိုင်ငံများရှိ ဇာတ်သဘင်နှင့်မတူသော ထူးခြားချက်ဖြစ်သည်။ သာဓကပြရလျှင် တရုတ်နိုင်ငံ မွန်ဂိုမင်းဆက်လက်ထက်က ဇာတ်သဘင်များ၊ သို့မဟုတ် တရုတ်နိုင်ငံတောင်ပိုင်းမှ 'ရှိဝေယန်ကီ' နှင့် 'မုတန်တင်'စသော ပြဇာတ်ကြီးများသည် အချို့

## ဒေါက်တာခင်မောင်ညွန့်

အရှေ့တောင်အာရှနိုင်ငံများတွင် လူသိများပြီး ကျော်ကြားခဲ့သော်လည်း မြန်မာနိုင်ငံသို့ လုံးဝမရောက်ရှိခဲ့ပေ။ အိန္ဒိယနိုင်ငံမှ မဟာဘာရတ ဇာတ်တော်ကြီးသည်လည်း မြန်မာ့ဇာတ်သဘင်တွင် အမြစ်မတွယ်ခဲ့ပါ။ မြန်မာ့ဇာတ်သဘင်တွင် ဝင်ရောက်ထွန်းကားလာသော ရာမာယဏဇာတ်သည် ၁၈ ရာစုခန့်၌ မြန်မာ့ဇာတ်သဘင်တွင် ပီပီပြင်ပြင် ကပြလာကြသည်။ မြန်မာ့ဟန်၊ မြန်မာ့အသွင်၊ မြန်မာ့အဝတ်အစား၊ အဆင်အယင်နှင့်သာ ရာမာယဏဇာတ်ကို ကပြခဲ့ကြသည်။ ကဗျာနှင့် ပြဇာတ်ဆရာကြီး ဦးတိုးက ရာမာယဏဇာတ်ကို ရကန်နှင့် ဖွဲ့လိုက်ခြင်းဖြင့် မြန်မာမှုကို ထပ်ပြုလိုက်သေးသည်။

အစောဆုံး ဇာတ်သဘင်ကပြသူတို့ကား အရပ်သားများသာ ဖြစ်သည်။ သူတို့သည် မင်းမိဖုရား၊ နန်းတွင်းသားတို့ကို ဇာတ်၊ နိပါတ်တော်ခင်း၍ ဖျော်ဖြေခဲ့ကြသည်။ သည့်နောက်ပိုင်းတွင် ကြေးစားသဘင်သည်များ ပေါ်လာပြီး လောကီရေးနှင့်ဆိုင်သော ဇာတ်လမ်းများ ကပြလာသည်။ သို့သော် စာရိတ္တပြုပြင်ရေး၊ ပညာပေး ဇာတ်လမ်းများသာဖြစ်သည်။ ၁၈ ရာစုတွင် ကာရန်နဘေထပ်များနှင့် ဇာတ်စကားကို ရေးသောပြဇာတ်များပေါ်လာသည်။ ဘုရင့်ရှေ့တော်တွင် သံနေသံထားနှင့်ဖတ်၍ အသုံးတော်ခံရသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ ဇာတ်နိပါတ်တော်များမှ ကောက်နုတ်ထားသော ဇာတ်လမ်းများသာဖြစ်သည်။

ဘိုးတော်ဘုရား(အေဒီ ၁၇၈၂ – ၁၈၁၉) လက်ထက်တွင် အနုပညာကို လွန်စွာချီးမြှောက်ခဲ့သည်။ ပြဇာတ်နှင့် ရာမဇာတ်များကို ပြည်သူတို့ကြည့်ရန် ကပြစေသည်။ ဘုရင်မှအစ မြို့နေလူတန်းစားနှင့် တောင်သူလယ်သမားများအားလုံးက သဘင်သည်တို့ကို ချစ်ခင်လေးစားကြသည်။ ဘိုးတော်ဘုရားလက်ထက်တွင် ဇာတ်အဖွဲ့ကြီးများကို စတင်ဖွဲ့၍ကပြလာသည်။ သို့သော် အက၊ အဆို၊ အတီးဘက်တွင်သာ အာရုံစိုက်ခဲ့ပြီး ဇာတ်သရုပ်ဆောင်မှုဘက်တွင် အားနည်းခဲ့သည်။ နောက်ပိုင်းတွင် ဦးကြင်ဥ၊ ဦးပုည စသော ဆရာကြီးများ၏ ပြဇာတ်များ ထွန်းကားခဲ့သော်လည်း ကပြခြင်းထက် ဖတ်ရှုခြင်းကသာ များခဲ့သည်။

အဆို၊ အကနာမည်ကျော် မင်းသားကြီး ဦးစိန်ကတုံး၊ ဦးအောင်ဗလနှင့် ဦးဘိုးစိန်တို့သည် ၂၀ ရာစုအဝင်တွင် ပေါ်ထွန်းလာပြီး မြန်မာ့ဇာတ်သဘင်ကို တစ်ခေတ်ပြောင်းပေးခဲ့ကြသည်။ သူတို့၏ အနုပညာ စွမ်းရည်သည် သူတို့ကွယ်လွန်ပြီးသည့်နောက်ပိုင်း ယနေ့ထက်တိုင်အောင် မြန်မာ့ဇာတ်သဘင်တွင် ဩဇာညောင်းနေသေးသည်။ သူတို့ကိုမီလိုက်သော သဘင်သည်များသည် သူတို့ကဲ့သို့ပင် ဇာတ်သဘင်ကို မြင်ကြသည်။ထိုအမြင်ကား "ဇာတ်သည် အဆို၊အက ဇာတ်စကားပြောနှင့် ထူးကဲစွာ သရုပ်ဆောင်မှုတို့ကို ပေါင်းစပ်ထားခြင်း" ဟူသော အမြင်တည်း။

မြန်မာ့ဇာတ်သဘင်သည် သူ့အထာနှင့်သူဖြစ်သည်။ သူ့ပွဲကြည့် ပရိသတ်အတွက် အထိမိဆုံးဖြစ်သည်။ ဇာတ်ခုံငယ်ကလေးပေါ်တွင် ကပြလင့်ကစား အလွန်ကြီးကျယ်ခမ်းနား တောက်ပြောင်လှသောပွဲကြီးပင် ဖြစ်သည်။ ပွဲကြည့်ပရိသတ်က ညနေခင်းမှစပြီး နောက်တစ်နေ့ မိုးလင်းသည်ထိ အားရပါးရ ကြည့်ရသော ပွဲကြီးဖြစ်သည်။ ပရိသတ်သည်ဖျာပေါ်တွင် ထိုင်ကြည့်သည်။ အချို့မိခင်များသည် မိသားစု အားလုံးကြည့်နိုင်ရန် ပွဲမစမီကပင် ကြိုတင်၍ နေရာခင်းထားကြသည်။ စောစောလာမှ နေရာကောင်းရမည်ဟူသော ဆောင်ပုဒ်မှာ ပွဲကြည့်သူတို့၏ ဆောင်ပုဒ်ဖြစ်သည်။ ဆိုင်းဆော်၍ လူခေါ်လိုက်လျှင် မည်သူမျှ အိမ်တွင် မကျန်ရစ်ဘဲ ပွဲသို့ ရောက်လာကြသည်။ နေ့ခင်းက အလုပ်ပင်ပန်းခဲ့သူများသည် ပွဲခင်းတွင် တရေးတမောအိပ်ရင်း ကြည့်သည်။ ပရိသတ်က ဇာတ်လမ်းထက် သဘင်သည်၏ အနုပညာ စွမ်းရည်ကို အဓိကထားကြည့်သည်။ အဆို၊အငို၊ ဇာတ်ပြော၊ အကတို့ ရသမြောက်ပါလျှင် ပရိသတ်အဖို့ တစ်ညတာသည် အချိန်ကုန်မှန်းမသိဘဲ မိုးလင်းသွားတော့သည်။

မြန်မာနိုင်ငံတွင် အမြဲတမ်း တည်ဆောက်ထားသော ဇာတ်ရုံကြီးများမရှိသေးချေ။ ဇာတ်အဖွဲ့များသည် ဝါးများ၊ ဖျာများဖြင့် ဆောက်သော ယာယီရုံများတွင်သာ လှည့်လည်ကပြကြသည်။ ဇာတ်အဖွဲ့များသည် ဇာတ်များက ကြသည်။ ဆိုင်းဝိုင်းကြီးပါပြီး အက အဆို လူရွှင်တော်များက ညဦးပိုင်းတွင်အသုံးတော်ခံပြီး သန်းခေါင်ကျော်သောအခါ ဇာတ်ကြီးများခင်းသည်။ အငြိမ့်ဟုခေါ်သော သဘင်အဖွဲ့ငယ်များလည်းရှိသေးသည်။ မင်းသမီး နှစ်လက်နှင့် လူရွှင်တော်များပါဝင်သည်။ အငြိမ့်တွင် ပြက်လုံးသည် အခရာ ဖြစ်သည်။

မြန်မာ့ရုပ်သေးသဘင်သည် သမိုင်းကြောင်းအားဖြင့် မကြာလှသေးသော်လည်းဖန်တီးမှုရှိပြီး လူကြိုက်များသော သဘင်ဖြစ်ခဲ့သည်။ နှစ်ပေါင်းနှစ်ရာကျော် ဘိုးတော်မင်းတရားလက်ထက်က သဘင်ဝန် ဦးသော်၏ ကြိုးပမ်းမှုကြောင့် ပေါ်လာသော သဘင်ဖြစ်သည်ဟု ဆိုကြသည်။

နိုင်ငံခြားရုပ်သေးမှ မြန်မာ့ရုပ်သေးဆင်းသက်လာသည်ဟု ဦးမောင်မောင်ကလေး အစရှိသော အနုပညာသမိုင်း သုတေသီ အချို့က ဆိုကြသည်။ သို့သော် ကွယ်လွန်သူ ပြန်ကြားရေးဝန်ကြီး ဒီးဒုတ်ဦးဘချိုကမူ ယင်းအဆိုကို လက်မခံပေ။ ကျွန်ုပ်တို့လည်း ဦးဘချိုကဲ့သို့ပင် ယင်းအဆိုကို ငြင်းလိုသည်။ မြန်မာ့ရုပ်သေးသဘင်တွင် ဇာတ်သဘောအရလည်းကောင်း၊ ကြိုးဆွဲပညာအရလည်းကောင်း၊ ခင်းကျင်းဆင်ယင်မှုအရလည်းကောင်း အခြားအာရှ ရုပ်သေးသဘင်များနှင့် တူညီဆက်နွယ်မှုကို စိုးစဉ်းမျှမတွေ့ရပါ။

အချို့အနုပညာသမိုင်း သုတေသီတို့က မြန်မာ့ရုပ်သေးကြိုးဆွဲနည်းသည် အိန္ဒိယမှ 'သုဒ္ဓရာဇ' ရုပ်သေးသဘင်မှလည်းကောင်း၊ 'ချတ်ကလာဇ' အရိပ်ပြရုပ်သေးသဘင်မှလည်းကောင်း ဆင်းသက်လာသည်ဟု ပြောကြသည်။ ယင်းပြောကြားချက်သည် ဥရောပတိုက်တွင် ပထမဆုံး ရုပ်သေးသဘင်ကို ခေါမတွင် ကပြခဲ့ခြင်းကြောင့် ဂျာမန်ရုပ်သေးသဘင်တွင် ခေါမ ရုပ်သေးသဘင်ဩဇာညောင်းနေသည်ဟု ပြောသလိုဖြစ်နေသည်။

စင်စစ်မြန်မာ့ရုပ်သေးများသည် အိန္ဒိယမှသေးငယ်သော 'သုဒ္ဓရာဇဂေဗ္ဗီ' ရုပ်သေးရုပ်ကလေးများနှင့်သော်လည်းကောင်း၊ မာဆတ်ဆတ်ရှိလှသော ဂျပန် 'ခါဘူကီ'ရုပ်သေးရုပ်ကလေးများနှင့် သော်လည်းကောင်း မည်သို့မျှ တူညီမှုမရှိပါ။ ဂျာဗားမှ ပုံဆန်းဆန်း တုတ်ထိုးရုပ်သေးဖြစ်သော 'ဝေယန်း' နှင့် တရုတ်ရုပ်သေး 'ယင်းဟီ'တို့နှင့်မူ ပို၍ပင် ခြားနားသေးသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား

**၉-၁၀-၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ အဆိုပြိုင်ပွဲ
၈း၁၅ ၆။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နမ့်မွေတံတား
၈း၃၀ ၇။ International News
၈း၄၅ ၈။ Grammar made Easy

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၃း၁၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** (အပိုင်း-၃၃)
၁၃း၅၀ ၇။ နိုင်ငံဂုဏ်ဆောင်မြန်မာမြင်းစီးအားကစား
၁၄း၀၅ ၈။ **"ပိုင်နိုင်ခိုင်မြဲအောင်"** ထွန်းထွန်းဝင်း၊ ခန့်စည်သူ၊ မျိုးစန္ဒီကျော်၊ ခင်မို့မို့အေး၊ ထင်ပေါ်၊ သူသူဟံသာ၊ ငွေစင်သွန်း(ဒါရိုက်တာ-သက်တင်)
၁၄း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၄၅ ၁၀။ International News

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Evaryday Use
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၁၅ ၆။ အကပဒေသာ
၁၇း၃၀ ၇။ ၂၀၀၄ ခုနှစ်၊ ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် ကာလပေါ်တေးနှင့်ခေတ်ဟောင်းတေး (အခြေခံပညာ ၅-၁၀နှစ်) (အမျိုးသား)
၁၇း၄၀ ၈။ မိတ္ထီလာမြို့ ရှေ့ဆောင်မျက်မမြင်ကျောင်းမှ ထီလာဟိန်းထက် မင်္ဂလာဆိုင်းအဖွဲ့ဖျော်ဖြေခန်း
၁၈း၀၀ ၉။ တေးဂီတအစီအစဉ်
၁၈း၁၀ ၁၀။ Discovery.
၁၈း၂၀ ၁၁။ ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဆွေးနွေးခန်း(ရုပ်သေးပြိုင်ပွဲ)
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း-၂၁)
၁၉း၄၀ ၁၅။ တုနှိုင်းမယှဉ်သာ ဆရာ့မေတ္တာ
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည် ဆန်းကြယ်လှသည်"** (အပိုင်း-၆)





လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း အလုံဓာတ်အားပေးစက်ရုံများသို့သွားရောက်၍ လျှပ်စစ်သုံးစွဲမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# မြို့နယ်များအားလုံး ၂၄နာရီလျှပ်စစ်ဓာတ်အားပေးနိုင်ရေး ဓာတ်အားကိုအချိန်အခါအလျောက်အကျိုးရှိရှိချွေတာသုံးစွဲ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဌာနဆိုင်ရာရုံးများစစ်ဆေးမှာကြား

ရန်ကုန် အောက်တိုဘာ ၈

**လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ ကော်မတီအတွင်းရေးမှူး ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၇ရက် ည ၈နာရီခွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အလုံဓာတ်အားပေးစက်ရုံ၊ စာရင်းစစ်ချုပ်ရုံး၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့သို့သွားရောက်၍ လျှပ်စစ်ဓာတ်အားချွေတာသုံးစွဲမှုနှင့် ရန်ကုန်မြို့တော်အတွင်း ဓာတ်အားထုတ်လွှတ်ပေးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ကျဌာနတာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။**

**ခြိုးခြံချွေတာ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဝန်ကြီးဌာနရုံးများ၊ ဦးစီးဌာနနှင့်လုပ်ငန်းဌာနများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများ၊ စက်ရုံအလုပ်ရုံများ၊ စက်မှုဇုန်များ၊ အများပြည်သူနှင့်ဆိုင်သောနေရာများအနေဖြင့် လျှပ်စစ်ဓာတ်အားကို အချိန်အခါအလျောက် အကျိုးရှိရှိ ထိရောက်စွာခြိုးခြံချွေတာ သုံးစွဲနိုင်ကြစေရန် ယခုကဲ့သို့ ကြည့်ရှုစစ်ဆေးခြင်းဖြစ်ကြောင်း၊ မြို့နယ်များအားလုံး ၂၄နာရီလျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် လုပ်ငန်းသဘာဝနှင့် လုပ်ငန်းခွင်အခြေအနေများအရ လျှပ်စစ်ဓာတ်အားကို မဖြစ်မနေအသုံးပြုရန် လိုအပ်သည့်အခါနှင့် နေ့အလင်းရောင်လုံလောက်မှုမရှိ၍ လျှပ်စစ်မီးအသုံးပြုရန်အမှန်တကယ် လိုအပ်သောအခါများတွင်သာ သုံးစွဲကြရန်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ခြိုးခြံချွေတာသုံးစွဲရေးကို လက်တွေ့လုပ်ကိုင် ဆောင်ရွက်နေကြသည့် အောက်ခြေဝန်ထမ်းများအဆင့်ဆင့်အထိ အသိပေးရှင်းလင်းသွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရန်ကုန်မြို့တော်အတွင်း မြို့နယ်များအလိုက် လျှပ်စစ်ဓာတ်အားရရှိ သုံးစွဲနေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားညွှန်ကြားဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မှတ်သားဖွယ်မိုးရေချိန်များ

၇–၁၀–၂၀၀၆

| | |
|---|---|
| မော်လိုက်မြို့ | ၃ ဒသမ ၃၉ လက်မ |
| ကော့သောင်းမြို့ | ၂ ဒသမ ၈၄ လက်မ |
| ခန္တီးမြို့ | ၂ ဒသမ ၅၂ လက်မ |
| စစ်တွေမြို့ | ၂ ဒသမ ၃၂ လက်မ |


## စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။


# ဒေသအတွင်းစိုက်ပျိုးရေးသားငါးနှင့်သစ်တောကဏ္ဍများ တည်ငြိမ်မျှတ ဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမည်

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံကအိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ယနေ့တွင်ကျင်းပခဲ့သည့် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးက ပူးတွဲသတင်းကြေညာချက်တစ်ရပ် ထုတ်ပြန်ကြေညာသည်။ ယင်းကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

**လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက်သုံးနိုင်ငံ(တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ)တို့၏ စတုတ္ထအကြိမ်မြောက်အစည်းအဝေး**

**(၂၀၀၆ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့ ရန်ကုန်မြို့)**

**ပူးတွဲသတင်းထုတ်ပြန်ချက်**

၁။ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံ(တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ)တို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို ၂၀၀၆ခုနှစ် အောက်တိုဘာ ၈ရက်နေ့တွင် ရန်ကုန်မြို့၌ပြုလုပ်ပါသည်။ အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ဆောင်ရွက်သည်။

၂။ ဝန်ကြီးများအနေဖြင့် စိုက်ပျိုးရေး၊ သားငါးနှင့်သစ်တောကဏ္ဍများတွင် တရုတ်၊ ဂျပန်နှင့်ကိုရီးယားသမ္မတနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်လာမှုအပေါ် များစွာ ကျေနပ်မှုရှိသည်။ ဝန်ကြီးများအနေဖြင့် ယခုနှစ်နှင့်လာမည့်နှစ်များတွင် ဆောင်ရွက်ရန်အဆိုပြုထားသည့် စီမံကိန်းသစ်များကိုကြိုဆိုသည်။ ဒေသအတွင်း စိုက်ပျိုးရေး၊ သားငါးနှင့်သစ်တောကဏ္ဍများ တည်တည်ငြိမ်ငြိမ်ညီညီမျှမျှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၃။ ဝန်ကြီးများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသအဖွဲ့အစည်းများ၏ လူမှုရေးနှင့်ယဉ်ကျေးမှုထုံးတမ်းစဉ်လာများထိန်းသိမ်းပြီး ရေရှည်တည်တံ့သည့် စိုက်ပျိုးရေး၊ သားငါးနှင့်သစ်တောကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရေးကို အသိအမှတ်ပြုသည်။ ထို့အပြင် ဝန်ကြီးများက အဖွဲ့ဝင်နိုင်ငံများ၏ စားနပ်ရိက္ခာတည်တည်ငြိမ်ငြိမ်ထုတ်လုပ်နိုင်ရေးကို ထိန်းသိမ်းဆောင်ရွက်သွားရန် အသိအမှတ်ပြုသည်။

၄။ ဝန်ကြီးများက အရှေ့အာရှဒေသအတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ဆင်းရဲမွဲတေမှုပပျောက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် အရှေ့အာရှအရေးပေါ် ဆန်အရန်ရိက္ခာထားရှိမှု၏ အရေးပါမှုကို ထပ်မံအတည်ပြုသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ရှေ့ပြေးစီမံကိန်းအစီအစဉ်အပေါ် တက်ကြွစွာ ပါဝင်ပူးပေါင်းရန် အားပေးသည်။ အရန်ဆန်ထားရှိမှုကို အရှေ့အာရှအရေးပေါ် ဆန်အရန်ရိက္ခာထားရှိရေး သတ်မှတ်ချက်များကို လိုက်နာရန်ဖြစ်ကြောင်းနှင့် သုံးနှစ်ရှေ့ပြေးစီမံကိန်း အစီအစဉ်ကိုကြိုဆိုကြောင်းဖော်ပြသည်။ ဝန်ကြီးများအနေဖြင့် ဆွေးနွေးဖက်သုံးနိုင်ငံအား အရှေ့အာရှအရေးပေါ် ဆန်အရန်ထားရှိမှုကို ပါဝင်ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းသည်။

၅။ ဝန်ကြီးများအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အရှေ့အာရှဆွေးနွေးဖက်သုံးနိုင်ငံတို့၏စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာသတင်းအချက်အလက်များ ထိန်းသိမ်းရေး၊ စိစစ်သုံးသပ်ရေးနှင့်ဖလှယ်ရေးတို့အတွက် အာဆီယံစားနပ်ရိက္ခာဖူလုံရေး သတင်းအချက်အလက်စနစ် ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် အားရမှုရှိသည်။

၆။ ဒေသအတွင်း ပြင်းထန်စွာ ကူးစက်လွယ်သော ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကျန်းမာရေး၊ ထုတ်လုပ်မှုနှင့် စီးပွားရေးတို့အပေါ် အကျိုးသက်ရောက်မှုကို အသိအမှတ်ပြုပြီး ပြင်းထန်စွာ ကူးစက်လွယ်သော ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးနှင့်ပပျောက်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာများပူးပေါင်းဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန်အပေါ် ဝန်ကြီးများက ကူညီပံ့ပိုးရန်ဖော်ပြသည်။

၇။ ဝန်ကြီးများအနေဖြင့် ဆင်းရဲမွဲတေမှုနှင့်အာဟာရချို့တဲ့မှုတို့ကို လျှော့ချနိုင်ရေးအတွက် ဆန်စပါးနှင့်ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုစနစ်များ၏ အရေးပါမှုကို ထပ်လောင်းအတည်ပြုပြောကြားသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်အတွက် အဖွဲ့ဝင်နိုင်ငံအသီးသီး၏ လှုပ်ရှားဆောင်ရွက်မှုများကိုကြိုဆိုသည်။

၈။ ဒေသအတွင်း သစ်တောသယံဇာတများ ပြုန်းတီးပျက်စီးမှုမှာ အရေးကြီးသော ပြဿနာတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေမှုကို အသိအမှတ်ပြုသည်။ ဒေသအတွင်း ရေရှည်တည်တံ့သည့် သစ်တောထိန်းသိမ်းမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ထိရောက်သည့် ပူးပေါင်းဆောင်ရွက်မှု လိုအပ်လျက်ရှိကြောင်းကို ထပ်လောင်းအတည်ပြုသည်။

၉။ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် စားနပ်ရိက္ခာဖူလုံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကို ရှေးရှုပြီး ပင်လယ်ရေပြင်ဇီဝအရင်းအမြစ်များ တည်တံ့ခိုင်မြဲရေးကို အကျိုးရှိရှိအသုံးချရေးမှာ လိုအပ်ချက်ဖြစ်ကြောင်း ဝန်ကြီးများက ထပ်လောင်းအတည်ပြုသည်။

၁၀။ ဝန်ကြီးများက (၅)ကြိမ်မြောက် အစည်းအဝေးကို ၂၀၀၇ခုနှစ်၌ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်ရန် သဘောတူသည်။

၁၁။ (၇)ကြိမ်မြောက် အာဆီယံနှင့်အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်နှင့်ကိုရီးယားသမ္မတနိုင်ငံတို့၏ ထိပ်သီးအစည်းအဝေးကို ၂၀၀၆ခုနှစ် နိုဝင်ဘာလ၂၈ရက်နှင့် ၂၉ရက်နေ့များတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင်ကျင်းပရန်နှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေး၏အရေးပါမှုများကို အဆိုပါအစည်းအဝေးတွင်တင်ပြရန် ဝန်ကြီးများက မှတ်တမ်းတင်သည်။

၁၂။ ဝန်ကြီးများက မြန်မာနိုင်ငံအစိုးရနှင့်ပြည်သူများအား ဤအစည်းအဝေးကို ကောင်းမွန်ပြည့်စုံသည့် စီမံဆောင်ရွက်မှုများနှင့် နွေးထွေးစွာကြိုဆိုမှုတို့အပေါ် လှိုက်လှဲစွာဂုဏ်ပြုကြောင်း ဖော်ပြသည်။ ။

# တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများဆက်

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၀၆ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေ၃နာရီခွဲတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသည့် ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

**မင်္ဂလာဒုံ**

ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားကွင်း(မင်္ဂလာဒုံ)၌ကျင်းပသော ပြိုင်ပွဲတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**ပဒုမ္မာကွင်း**

စမ်းချောင်းမြို့နယ် ပဒုမ္မာဘောလုံးကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၅ မှ*

ယင်းနောက် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံမှ ဒုတိယဝန်ကြီးများက နှုတ်ခွန်းဆက်စကား အသီးသီး ပြောကြားကြပြီး အစည်းအဝေးကျင်းပမည့် အစီအစဉ်ကို ညှိနှိုင်းအတည်ပြုကြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ ကဏ္ဍအသီးသီး၌ ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းစဉ်များအတွက် ညှိနှိုင်းမှုများပြုလုပ်ကြသည်။

**ညှိနှိုင်းဆွေးနွေး**

ယင်းနောက် အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံတို့ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတိုးတက်မှုအပေါ်လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံဝန်ကြီးများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ သဘာပတိအစီရင်ခံစာနှင့် ထောက်ခံချက်မူကြမ်းတို့ကို ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြပြီး အတည်ပြုကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် စီမံကိန်းအဆိုပြုချက်အသစ်များကို ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်းကြရာ လယ်သမားလူငယ်များအား လေ့ကျင့်ပေးရေးအစီအစဉ်ကို ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် အကောင်အထည်ဖော်ရန်၊ အာဆီယံနိုင်ငံများ၏ စိုက်ပျိုးရေးမူဝါဒရုံး ညွှန်ကြားရေးမှူးချုပ်များ၏ ဆွေးနွေးပွဲကျင်းပရန်၊ သီးနှံမျိုးသစ်ထုတ်လုပ်သူတို့၏အခွင့်အရေးဆိုင်ရာသင်တန်းပေးရန်၊ ဆန်စပါးစိုက်ပျိုးရာတွင် အလိုအလျောက်ရေသွင်းစနစ်ဆိုင်ရာသင်တန်းပေးရန်၊ အာဆီယံနှင့် အရှေ့အာရှဆွေးနွေးဖက်နိုင်ငံများမှ အဆင့်မြင့်အရာရှိခေါင်းဆောင်များက တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် စိုက်ပျိုးရေးတိုးတက်မှုများကို လေ့လာရေးခရီးသွားရောက်ရန်၊ အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စိုက်ပျိုးရေး ထွက်ကုန်များ အရည်အသွေးနှင့် လုံခြုံမှုဆိုင်ရာ ဆွေးနွေးပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ၂၀၀၅ ခုနှစ်၌ ကျင်းပရန်၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ ကြက်၊ ငှက် တုပ်ကွေးရောဂါကို ထိန်းချုပ်သော နည်းပညာရပ်များဆိုင်ရာသင်တန်းကို ၂၀၀၄ခုနှစ် အောက်တိုဘာ ၁၆ရက်မှ ၂၇ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖွင့်လှစ်ပို့ချရန်နှင့် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ ကြက်၊ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရန်တို့ကိုအသေးစိတ်ဆွေးနွေးပေါင်းစပ်ညှိနှိုင်းကြသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးတို့သည် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များနှင့် အခြားကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းကြသည်။

**အတည်ပြုထုတ်ပြန်**

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးတို့၏ ပူးတွဲသတင်းကြေညာချက်များကို အများသဘောတူ အတည်ပြု ထုတ်ပြန်ကြသည်။





**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ အောင်မြင်စွာ ကျင်းပပြီးစီးသွားသော လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့်လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးတို့နှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)**

# လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာအာဆီယံဝန်ကြီးများ (၂၆)ကြိမ်မြောက်အစည်းအဝေး သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၈

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ အောင်မြင်စွာကျင်းပပြီးစီးသွားသော လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့်လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ၂နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။**

သတင်းစာရှင်းလင်းပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာအာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးတို့၏ သဘာပတိ ပြည်ထောင်စုမြန်မာနိုင်ငံတော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ စက်မှုနှင့် အခြေခံအရင်းအမြစ်များ ဝန်ကြီးဌာန H.E. Pehin Dato Abdul Rahman Taib ၊ ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Chan Sarun၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr. Memed Gunawan၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Siene Saphangthong၊ မလေးရှားနိုင်ငံ စိုက်ပျိုးရေး၊သစ်တောနှင့် စိုက်ပျိုးရေး အခြေခံလုပ်ငန်းများ ဝန်ကြီးဌာန ဝန်ကြီး H.E. Tan Sri Dato' Haji Muhyiddin bin Haj Mohd Yassin၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Arthur C.Yap၊ စင်ကာပူသမ္မတနိုင်ငံ အမျိုးသားတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mah Bow Tan၊ ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr. Suphot Dhirakaosal၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Dr.Bui °Ba °Bongနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr Fan Xiaojian၊ ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hiroyuki Kinoshita နှင့် ကိုရီးယားသမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hae-Sang Park၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး Dr. Azmi Mat Akhir နှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး(ရုပ်မြင်) ဦးမြင့်ဦး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး (သတင်း) ဦးဝင်းတင်၊ မြန်မာ့သတင်းစဉ် နိုင်ငံခြား စာတည်းမှူးချုပ် ဦးသိန်းထွဋ်၊ ဒုတိယညွှန်ကြားရေးမှူး (သတင်း) ဦးဆွေသန့်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင် သတင်းထောက်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**ပြန်လည်ဖြေကြား**

သတင်းစာရှင်းလင်းပွဲတွင် စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက မိတ်ဆက်စကားပြောကြားပြီး သတင်းစာဆရာများက သိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဦးဆောင်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးတို့သည် စိုက်ပျိုးရေးနှင့် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ညနေပိုင်းတွင် မြေပဒေသာကျွန်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးပြတိုက်၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် (၂၀၀၄)အထိမ်းအမှတ် ပြပွဲ၊ ကန်တော်ကြီး သဘာဝဥယျာဉ်နှင့် ဗိုလ်ချုပ်ပန်းခြံတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဦးဆောင်သည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးတို့သည့် ညနေ ၃ နာရီတွင် ဗဟန်းမြို့နယ် ကန်တော်ကြီး မြေပဒေသာကျွန်းရှိ စိုက်ပျိုးရေးပြတိုက်သို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ လုပ်ငန်းဌာနများမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် စိုက်ပျိုးရေးပြတိုက်တွင် အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် (၂၀၀၄) အထိမ်းအမှတ် ပိုစတာပေါ်တွင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဧည့်သည်တော် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အမှတ်တရ လက်မှတ်ရေးထိုးကြသည်။

**အမှတ်တရပေးအပ်**

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဧည့်သည်တော် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးတို့အား အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် (၂၀၀၄) အထိမ်းအမှတ် ထုတ်ဝေသည့်စာအုပ်၊ စာစောင်များကို အမှတ်တရ ပေးအပ်သည်။

**ဂုဏ်ပြုဆုချီးမြှင့်**

ထို့နောက် စိုက်ပျိုးရေး ပြတိုက်ရှေ့တွင် ခင်းကျင်းပြသထားသော အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် (၂၀၀၄) ပြခန်းတွင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန ( IRRI ) မှ ဆန်စပါး ပညာရှင် သုံးဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်သည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မြန်မာ့ဆန်စပါး သိပ္ပံပညာရှင်များ အရည်အသွေး မြှင့်တင်ရေး၌ စွမ်းစွမ်းတမံ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သော Dr. Mark A. Bell အတွက် ဂုဏ်ပြုချီးမြှင့်သည့်ဆုကို Dr. William Padolina က လက်ခံယူသည်။

ဆက်လက်၍ မျိုးသစ်မျိုးစေ့များ ထုတ်လုပ်ရေး၌ စွမ်းဆောင်ကူညီခဲ့သူ Dr. Edwin L.Javier အား ဂုဏ်ပြုဆုချီးမြှင့်ရာ Mr. Dancan Macintosh က လက်ခံယူသည်။

ထို့နောက် မြေဩဇာစနစ်တကျ အသုံးပြုရေး LCC ကတ်ပြားများဖြင့် တိုင်းတာအသုံးပြုမှု ကူညီဆောင်ရွက်ခဲ့သူ Dr. Ronald J.Buresh အား ဂုဏ်ပြုဆုချီးမြှင့်သည်။

ယင်းနောက် Dr. William Padolina က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**မှတ်တမ်းလွှာပေးအပ်**

ဆက်လက်၍ Dr. William Padolina က ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI)–မြန်မာ ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ် မှတ်တမ်းလွှာကို ပေးအပ်သည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံတို့မှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးတို့သည် အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် (၂၀၀၄) အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော ပြခန်းများနှင့် ပြကွက်များကိုလည်းကောင်း၊ စိုက်ပျိုးရေးပြတိုက်ရှိ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းပြကွက်၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းပြကွက်၊ မြန်မာ့ကြံလုပ်ငန်းပြကွက်၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းပြကွက်၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပြကွက်နှင့် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းပြကွက်တို့ကိုလည်းကောင်း၊ ပြတိုက်အောက်ထပ်ရှိ သမားရိုးကျ လယ်ယာသုံးကိရိယာများပြကွက်၊ စက်မှုလယ်ယာကူးပြောင်းစ လယ်ယာသုံး စက်ကိရိယာများပြကွက်၊ လက်ရှိအသုံးပြုနေသော လယ်ယာသုံး စက်ကိရိယာများပြကွက်၊ ပြည်နယ်နှင့်တိုင်း ၁၄ခုရှိ ရေလှောင်တမံနှင့် ဆည်မြောင်း စီမံကိန်းများပြကွက်နှင့် မြစ်ရေတင်နှင့် မြေအောက်ရေဖြင့် စိုက်ပျိုးရေး ပြကွက်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဧည့်သည်တော်များသည် ကန်တော်ကြီး မြေပဒေသာဥယျာဉ် Education °Zone ရှိမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ သစ်ခွပြကွက်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ ကန်တော်ကြီး Fresh Water Fish Garden ပြကွက်တို့ကိုလည်းကောင်း၊ ဗိုလ်ချုပ်ပန်းခြံ Central Forest Zone ရှိ သစ်တောဦးစီးဌာန၏ သဘာဝသစ်တော စိုက်ခင်းနှင့် ရှားပါးသစ်မျိုးစိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး ညနေ ၄ နာရီခွဲတွင် ဗိုလ်ချုပ်ပန်းခြံမှ ပြန်လည်ထွက်ခွာသွားကြသည်။

**(သတင်းစဉ်)**

ထို့နောက် နောက်တစ်ကြိမ် ကျင်းပမည့် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံ ဝန်ကြီးများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ ပဉ္စမ အကြိမ်မြောက် အစည်းအဝေးကို ၂၀၀၅ ခုနှစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ကျင်းပရန် ညှိနှိုင်းသတ်မှတ်ကြပြီး မွန်းလွဲပိုင်းတွင် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အဆိုပါ အစည်းအဝေးများသို့ တက်ရောက်လာကြသော အာဆီယံဝန်ကြီးများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့မှ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုမြန်မာနိုင်ငံတော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

# သဲအင်းဂူ ခုနစ်ရက်တရားစခန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တသီဟနှင့် ဦးပညာသိဒ္ဓိ(ပုသိမ်) အရှင်သူမြတ်နှစ်ပါးတို့က အောက်တိုဘာ ၁၇ ရက်မှ ၂၄ ရက်အထိ ခုနစ်ရက် တရားစခန်းဖွင့်လှစ်၍ သမထ ဝိပဿနာ တရားတော်များချီးမြှင့်ဟောကြားပြသကြမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် အောက်တိုဘာ ၁၆ ရက် (စနေနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများလည်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# ဆရာတော်ဘဒ္ဒန္တ ဝေပုလ္လ၏ ဝိဇာတမင်္ဂလာ

**ရန်ကုန် အောက်တိုဘာ ၈**

ဧရာဝတီတိုင်း ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လမထေရ်မြတ်၏ ဝိဇာတမွေးနေ့မင်္ဂလာအလှူပွဲကို တော်သလင်းလကွယ်နေ့ (၁၃-၁၀-၂၀၀၄ ရက်) ဗုဒ္ဓဟူးနေ့၌ ကျင်းပမည်ဖြစ်ရာ ဝိဇာတမွေးနေ့မင်္ဂလာအကြို တရားပွဲတွင် ရန်ကုန်မြို့ မေတ္တာအေးဆရာတော် ဘဒ္ဒန္တသုဇာတမထေရ်မြတ်က တော်သလင်းလပြည့်ကျော် ၁၄ရက်နှင့် လကွယ်နေ့ ည ၇ နာရီတွင် မဟာစည်သတိပဋ္ဌာန်ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

## ကန်တော်ကြီး ကရဝိက်ဥယျာဉ်အတွင်း အရောင်းပြခန်းဖွင့်လှစ်လိုသူများ ဆက်သွယ်နိုင်ပြီ

**ရန်ကုန် အောက်တိုဘာ ၈**

မကြာမီဖွင့်လှစ်တော့မည့် ကန်တော်ကြီးသဘာဝဥယျာဉ် (Kandawgyi Nature Park)အတွင်းရှိ ကရဝိက်ဥယျာဉ်(Karaweik Garden)၌ တည်ဆောက်ထားသော ဆိုင်ခန်းနေရာများတွင် မြန်မာ့ရိုးရာလက်မှု ပစ္စည်းအရောင်းပြခန်းများ၊ တိုင်းရင်းသားရိုးရာ လက်မှုပစ္စည်းအရောင်းပြခန်းများ၊ အမှတ်တရပစ္စည်းအရောင်းပြခန်းများနှင့် စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလိုသူများသည် ဖုန်း-၀၁-၅၄၈၃၁၀မှ ၀၁-၅၄၈၃၁၇ အထိသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လက်ရွေးစင်ရေကူးအားကစားသမားဟောင်းများ အဖွဲ့ချုပ်နှင့် ဆက်သွယ်ရန် နှိုးဆော်

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့ရေကူးအားကစား တိုးတက်မြင့်မားစေရန်အတွက် ရေကူးအဖွဲ့ချုပ်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီး အဘက်ဘက်က ကြိုတင်ပြင်ဆင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**နှိုးဆော်**

အစီအစဉ်အရ နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် မြန်မာ့လက်ရွေးစင်ရေကူးအားကစားသမားဟောင်းများအား ဂုဏ်ပြုချီးမြှင့်ရန်ရှိသဖြင့် မြန်မာ့လက်ရွေးစင်ရေကူးအားကစားသမားဟောင်းများသည် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဖုန်း-၅၅၄၆၇၉၊ ၅၅၇၄၃၂၊ ၀၉-၉၈၂၈၁၆၄နှင့် ၅၄၈၄၈၂တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## တောင်ကြီးခရိုင် ဥက္ကဋ္ဌဒိုင်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၀၄ ခုနှစ် တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ်ကျောက်တလုံးကြီးမြို့နယ် ဘောလုံးအသင်းနှင့် ဖယ်ခုံမြို့နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ကျောက်တလုံးကြီး မြို့နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်က ပထမဆုရရှိသော ကျောက်တလုံးကြီးမြို့နယ် အသင်းအား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ငွေကျပ်တစ်သိန်းခွဲ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)** ယင်းနောက် ဒုတိယဆုရရှိသော ဖယ်ခုံမြို့နယ် အသင်းအား ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမြင့်စိုးက ငွေကျပ်တစ်သိန်းနှင့် တစ်ဦးချင်းဆုများပေးအပ်ချီးမြှင့်သည်။

(က-ပ)

## အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲဆက်

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

လှုင်ယာအားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ စွမ်းအင်အသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

**ယနေ့ပွဲ**

အောက်တိုဘာ ၉ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် လှုင်ယာအားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ တံခွန်အသင်းနှင့် ပြည်ထဲရေးအသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ သစ်တောရေးရာအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**



## အိန္ဒိယဘောလုံးအဖွဲ့ချုပ် ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာ(ဘဏ္ဍာ/ အခွန်)အသင်း ဗိုလ်လုပွဲတက်

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၀၄ ခုနှစ် အကြိမ်(၁၁၀)မြောက် အိန္ဒိယဘောလုံးအဖွဲ့ချုပ် (အရှေ့ဘင်္ဂေါ) ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်ကို ယမန်နေ့ညနေပိုင်းက အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၌ ကျင်းပရာ မြန်မာ(ဘဏ္ဍာ/အခွန်)အသင်းက အိန္ဒိယ(မိုဟမ်မေဒင်)အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဘဏ္ဍာ/အခွန်အသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်းတွင် အောင်ကျော်မိုးကသွင်းယူသည်။ ပထမပိုင်းအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းအတွက် ကျော်သူရက ဒုတိယဂိုးကို သွင်းယူပေးသည်။ မိုဟမ်မေဒင်အသင်းအတွက် ချေပဂိုးကိုပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် တတိယဂိုးကို ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် မျိုးလှိုင်ဝင်းက သွင်းယူ၍ ပွဲအပြီးတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းသည် နောက်ဆုံးဗိုလ်လုပွဲအဖြစ် အောက်တိုဘာ ၁၀ရက်တွင် အရှေ့ဘင်္ဂေါအသင်းနှင့် မိုဟမ်ဘဂမ်အသင်းတို့၏ ဒုတိယအကြို ဗိုလ်လုပွဲစဉ်မှ အနိုင်ရရှိသည့် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည့်

**(Growing with Nature: ASEAN's Environmental Challenges)**

သဘာဝနှင့်အတူ ဖွံ့ဖြိုးမှု-အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများဓာတ်ပုံပြိုင်ပွဲဆိုင်ရာ စည်းကမ်းချက်များ

၁။ **ပြိုင်ပွဲခေါင်းစဉ်။** "Growing with Nature - ASEAN Environmental Challenges"

**(ဓာတ်ပုံပြိုင်ပွဲ၏ အဓိကအကြောင်းအရာမှာ Growing with Nature- ASEAN's Environmental Challenges ဖြစ်ပါသည်။ အဆိုပါ ဓာတ်ပုံပြိုင်ပွဲမှသည် အများပြည်သူများ အာဆီယံဒေသတွင်း ပတ်ဝန်းကျင်များကို ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာကိစ္စများကို သိရှိနားလည်စေရန်၊ စီးပွားရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ ခရီးသွားလာခြင်းလုပ်ငန်း၊ ကုန်သွယ်ခြင်း၊ လူမှုရေးနှင့် လူသားအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်စေရန်တို့အတွက် ကျင်းပသည့် အစီအစဉ်ဖြစ်ပါသည်။)**

၂။ **ပြိုင်ပွဲရည်ရွယ်ချက်။** အာဆီယံ၏ ပတ်ဝန်းကျင်စိန်ခေါ်မှုများကို ဒေသဆိုင်ရာ ဓာတ်ပုံပြပွဲ/ပြိုင်ပွဲမှတစ်ဆင့် ပိုမိုအာရုံစိုက်လာစေရန်နှင့် ASEAN-COCI အတွက် လိုအပ်သော သတင်းအချက်အလက်များအဖြစ် သုံးစွဲနိုင်မည့် ဓာတ်ပုံများ စုဆောင်းရရှိစေရန်။

၃။ **ရွေးချယ်မှုစံများ (Selection Criteria)**

- ပြိုင်ပွဲအကြောင်းအရာ Theme နှင့် ကိုက်ညီရမည်။
- အနုပညာမြောက်ရမည် (Aesthetic of the Photograph)
- Composition, Balance, Colour and Organization ကောင်းမွန်မှန်ကန်ရမည်။
- အာဆီယံ၏စံနမူနာနှင့်အစီအစဉ်ကိုဖော်ပြနိုင်သည့် ထူးခြားသောအကြောင်းအရာဖြစ်ရမည်။
- ဓာတ်ပုံဆရာ၏ဖော်ပြထားသည့် ရှင်းလင်းတင်ပြချက်ကို ထင်ဟပ်ထားသော ဓာတ်ပုံဖြစ်ရမည်။

၄။ **တင်သွင်းရမည့်စည်းကမ်းချက်များ (Entry Rules)**

(က) Category A = အသက် ၁၃နှစ်မှ ၁၇နှစ်အထိ(ကျောင်းသား၊ကျောင်းသူများဖြစ်ရမည်)
Category B = အသက် ၁၈ နှစ်နှင့်အထက် (Open to all)

(ခ) ဝင်ကြေးမရှိပါ။

(ဂ) မိမိနိုင်ငံတွင်း၌ ရိုက်ကူးထားသော Original ပုံ ဖြစ်ရမည်။ အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ဆုရထားဖူးသော ပုံများမဖြစ်ရ။

(ဃ) အာဆီယံအကြောင်းအရာ (ASEAN Message) ကို အထူးဖော်ပြသောပုံများဖြစ်ရမည်။

(င) 8" x 10" (205 mm x 255 mm) ရောင်စုံဓာတ်ပုံကို 35 mm Camera ဖြင့် ရိုက်ထားသော Negative ပူးတွဲ၍ တင်သွင်းရမည်။ တင်သွင်းသော Negative သည် မူရင်းဖြစ်ရမည်။
(ကွန်ပျူတာဖြင့် ပြုပြင်ဖန်တီးထားမှု မဖြစ်စေရ)

(စ) ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံလေးပုံအထိ တင်သွင်းနိုင်သော်လည်း တစ်ပုံသာ ဆုရပိုင်ခွင့်ရှိသည်။

(ဆ) ပြိုင်ပွဲဝင်ပုံအသီးသီး၏နောက်ကျောတွင် အောက်ပါအချက်များ ပူးတွဲပါရှိရမည်-
- ဓာတ်ပုံ၏ အကြောင်းအရာ (Title or Caption)
- ဓာတ်ပုံ၏ အကြောင်းအရာနှင့် ထူးခြားချက်ကို အတိုချုပ်ဖော်ပြချက် (Short Annotation) (စာလုံးရေ ၅၀ မှ ၁၀၀ အတွင်း)
- ဓာတ်ပုံရိုက်ကူးခဲ့သော နေရာနှင့်ရက်စွဲ
- ဓာတ်ပုံဆရာ၏ နာမည်အပြည့်အစုံ၊ လူမျိုးနှင့်လိပ်စာ
- ပြိုင်ပွဲဝင်သူ၏ Passport Size ဓာတ်ပုံသုံးပုံ(နောက်ကျောတွင်အမည်ရေး၍)
- Category A အတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ အသက်ထောက်ခံချက် ပူးတွဲပါရှိရမည်။

(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံများအပ်နှံသည့်နေရာတွင် ပြိုင်ပွဲဝင်သူမှ Application Form ကို တစ်ပါတည်း ရေးသွင်းပေးထားခဲ့ရမည်။

၅။ **တင်သွင်းရမည့်ရက် (Closing Date) နှင့် ပေးပို့ရန်လိပ်စာ**

အောက်ပါလိပ်စာသို့ ၁၂-၁၀-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၁၇:၀၀နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်။
ဦးထွန်းမင်း (ညွှန်ကြားရေးမှူး)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၂၅၂၄၅၇

၆။ **ဆုချီးမြှင့်ခြင်း**

(က) ပြည်တွင်းဆု (National Level)
- Category A = အကောင်းဆုံးဓာတ်ပုံ ငါးပုံကို **FEC** ၂၀၀ စီ ချီးမြှင့်မည်။
- Category B = အကောင်းဆုံးဓာတ်ပုံ ငါးပုံကို **FEC** ၈၀၀ စီ ချီးမြှင့်မည်။

(ခ) **ဒေသဆိုင်ရာဆု** (Regional Level)

| | | | |
|---|---|---|---|
| - Category A = | ပထမဆု | **FEC** | ၈၀၀ |
| | ဒုတိယဆု | **FEC** | ၆၀၀ |
| | တတိယဆု | **FEC** | ၄၀၀ |
| | အထူးဆုနှစ်ဆု | **FEC** | ၃၅၀ စီ။ |
| - Category B = | ပထမဆု | **FEC** | ၂၀၀၀ |
| | ဒုတိယဆု | **FEC** | ၁၅၀၀ |
| | တတိယဆု | **FEC** | ၁၀၀၀ |
| | အထူးဆုနှစ်ဆု | **FEC** | ၇၅၀ စီ။ |

### တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲကျင်းပမည့်ရက် ပြောင်းလဲခြင်း

၁၃-၈-၂၀၀၄ ရက်နေ့မှ ၁၅-၈-၂၀၀၄ ရက်နေ့အထိ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသား ခေါ်ယူခြင်းအား အောက်ပါအတိုင်း ပြင်ဆင်ကြောင်း ကြေညာအပ်ပါသည် -

(က) သင်တန်းဝင်ခွင့် လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၈-၁၀-၂၀၀၄ ရက်နေ့အထိ ၅-၁၁-၂၀၀၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

(ခ) သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲကို မိမိတို့ လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ ၁၆-၁၁-၂၀၀၄ ရက်နေ့ အစား ၇-၁၁-၂၀၀၄ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

(ဂ) အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၁၈-၁၁-၂၀၀၄ ရက်နေ့မှ ၂၀-၁၁-၂၀၀၄ ရက်နေ့ အစား ၆-၁၂-၂၀၀၄ ရက်နေ့မှ ၉-၁၂-၂၀၀၄ ရက်နေ့များတွင် မေးမြန်းနိုင်ပါသည်။


## အဘိဓမ္မာ အခါတော်နေ့နှင့် ဝါကျွတ်ပွဲ

ရန်ကုန် အောက်တိုဘာ ၈

ကိုးမိုင်မဟာစည် ဟိတေသီအဖွဲ့သည် အဘိဓမ္မာ အခါတော်နေ့နှင့် ဝါကျွတ်ပွဲကို ၁၃၆၆ခုနှစ် သီတင်းကျွတ်လပြည့်နေ့(အောက်တိုဘာ ၂၈ရက်)နံနက် ၉နာရီတွင် ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ သဒ္ဓါကြည်လင် ပါရမီရှင်များ ပါဝင်လှူဒါန်းလိုပါက ဟိတေသီအမှုဆောင်အဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



**အောက်တိုဘာ ၈ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီဗဟိုရုံးခန်း (ဗဟန်း ၃ လမ်းမှတ်တိုင်အနီး)တွင် ကွယ်လွန်သူ မိခင်ကြီး ဒေါ်ခင်ကြည်အား ရည်စူး၍ ဦးထွန်းငွေ-ဒေါ်သျှားလက်ချို မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဦးမောင်မောင်မြင့်(အတွင်းရေးမှူး)သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)**

## ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) ဝါကျွတ်ဆွမ်းလောင်းလှူကြမည်

ရန်ကုန် အောက်တိုဘာ ၈

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်များသည် ကြံခင်းမြို့ရှိ ဆွမ်းလောင်းဓမ္မာရုံများတွင် ဝါကျွတ်ဆွမ်းလောင်းလှူပွဲများ နှစ်စဉ်သွားရောက်၍ လှူဒါန်းလျက်ရှိရာ ယခုနှစ် ၁၃၆၆ ခုနှစ် (၂၀၀၄)တွင်လည်း ယခင်နှစ်များနည်းတူ မိမိမွေးရပ်နယ်မြေရှိ ဆွမ်းလောင်းဓမ္မာရုံသို့ သွားရောက်လှူဒါန်းကြမည်ဖြစ်သည်။ လိုက်ပါလိုသူများသည် အောက်တိုဘာ ၁၅ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ဦးသိန်းငွေ ဖုန်း-၂၂၇၂၃၃၊ ၆၈၀၃၀၂(ရုံး)၊ ဒေါ်တင်တင်ငွေ ဖုန်း-၅၄၁၀၆၅၊ ဒေါ်ခင်ညွန့်ဆွေ ဖုန်း-၇၀၅၇၂၀၊ ဦးအောင်ငွေ ဖုန်း-၆၈၀၉၉၆၊ ဒေါ်ကြင်ရီ ဖုန်း-၂၂၆၃၂၇ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

## မိုးလေဝသအထူးသတင်း

ရန်ကုန် အောက်တိုဘာ ၈

**ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ကိုလ်ကာတာမြို့၏ တောင်ဘက်မိုင် ၁၅၀ ခန့် အကွာ ပင်လယ်ပြင်တွင် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။**

**မြောက်ဥက္ကလာပမြို့နယ် အမက(၂) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာသူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော စတုတ္ထတန်းကျောင်းသား မောင်ကျော်ကျော်ဇေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်က ဆုချီးမြှင့်စဉ်။ (က-ပ)**


















### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇၄၈

**ဦးအောင်ထွန်း** နှင့် **၁။ ဦးလှငွေ**
**၂။ ဦးမြင့်သိန်း**

**တရားလို** **တရားပြိုင်များ**

ဦးလှငွေ အမှတ် ၁၂၄၊ ပထမထပ်(ယာဘက်)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ် တရားလိုက တိုက်ခန်းအပျောက်စနစ်ဖြင့် နေထိုင်ခွင့်ကို ဝယ်ယူပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးပြီး (၂)တရားပြိုင်အားဖယ်ရှား၍ အခန်းအားလက်ရောက်ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်ငင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြေဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် နိုဝင်ဘာ ၅ရက်(၁၃၆၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီနံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူတရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် အောက်တိုဘာ ၇ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဝင်းမြင့်ဦး**
**တွဲဖက်တိုင်းတရားသူကြီး(၅)၊ ရန်ကုန်တိုင်းတရားရုံး။**










ပဲခူးတိုင်းအနောက်ပိုင်း သဲကုန်းမြို့ ရပ်ကွက်(၃) ကျောင်းကြီးတိုက် မြို့နယ်သံဃနာယက မြို့နယ်ဥပတ္ထမ္ဘကအဖွဲ့အတွက် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ၂၃ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ကန့်ဘလူမြို့နယ်အတွင်းကျန်းမာရေးနှင့်ညီညွတ်ရေး သားငါးဆိုင်များ၌ ယင်လုံသံဆန်ခါများတပ်ဆင်

**ကန့်ဘလူ အောက်တိုဘာ ၅**

ကန့်ဘလူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြည်သူများကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်သော အသားငါးများ ဝယ်ယူ စားသုံးနိုင်စေရေးအတွက် စက်တင်ဘာ၂၇ရက်က အဖွဲ့ပိုင် ဈေးများအတွင်း သားငါးအရောင်းဆိုင်များတွင် ယင်လုံသံဆန်ခါများ တပ်ဆင်ရောင်းချပေးခြင်း၊ အဖုံးအအုပ်များဖုံးအုပ် ရောင်းချစေခြင်း၊သားခုတ်ခုံများတွင် ကျောက်ပြားများတပ်ဆင်၍ စနစ်တကျ သန့်စင် ဆေးကြောခြင်းများကို ဒုတိယဦးစီးမှူး(ဈေး) ဦးဇော်ခင်ဦးဆောင်၍ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်က ကန့်ဘလူဈေးအတွင်း ကွင်းဆင်း ကြည့်ရှု စစ်ဆေးကြသည်။ **(အောက်ပုံ)**

**(မြို့နယ်စည်ပင်)**

## အမြို့မြို့ အနယ်နယ် သတင်းများ



## ပန်းတစ်ပွင့်တောင်စေတီတော် ဆီမီး၉၀၀၀ ပူဇော်ပွဲကျင်းပမည်

**တိုက်ကြီး အောက်တိုဘာ ၂**

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာပြု တောရကျောင်း သာသနာ့နယ်မြေရှိ စေတီတော်၊ ရုပ်ပွားတော်များအားပန်းတစ်ပွင့်တောင် ဆရာတော် ကြီးမှူး၍ သီတင်းကျွတ်လပြည့်နှင့် လပြည့်ကျော်၁ရက်ညများတွင် ဆီမီး၉၀၀၀ ပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။ ဉာဏ်တော် ၇၂ ပေရှိ ပန်းတစ်ပွင့်တောင်တော်မြတ်စေတီတော်ကြီး **(အပေါ်ပုံ)** ကို တည်ထားမည်ဖြစ်သည်။ လှူဒါန်းလိုသူ သဒ္ဓါကြည်လင် ပါရမီရှင်များ ပန်းတစ်ပွင့်တောင် ဆရာတော်နှင့် အကျိုးတော်ဆောင် ဦးမျိုးညွန့်-ဒေါ်တင်တင်ဝင်း ဖုန်း-၆၄၀၁၈၁ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။

**(က-ပ)**



ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၈ရက်က အသိပညာဗဟုသုတတိုးပွားရေးအတွက် ပန်းကုန်းကျေးရွာ "သုတပျိုးခင်း" စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကျင်းပကြစဉ်။

(မြို့နယ် ပြန်/ဆက်)



စက်တင်ဘာ ၁၁ရက်က ထီးချိုင့်မြို့နယ်စည်ပင် သာယာရေးအဖွဲ့က မြို့တွင်းလမ်း များ တွင် ရေ မြောင်း နှင့် ပ လက် ဖောင်း ဆောင်ရွက်မှုကို စစ် ကိုင်း တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ အင်ဂျင်နီယာမှူး ဦးသိန်းဝင်းနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ ဒုတိယဦးစီးမှူး (အခွန်) ဦးသိန်းဆွေမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဌေးအောင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)



မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးတွင် သား၊ ငါးရောင်းချမှုကို စနစ်တကျရှိစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စက်တင်ဘာ ၆ရက်က မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာနမှူး ဦးစန်းမြင့်၊ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဒုတိယဦးစီးမှူး ဦးတိုးမြင့်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)



## ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

**မချမ်းဘော စက်တင်ဘာ ၂၅**

မချမ်းဘောမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် စက်တင်ဘာ၁၇ရက်က မြို့တွင်းလမ်းများ တစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစိုင်းရဲဝင်းနှင့် ဝန်ထမ်းများ စုပေါင်း ဆောင်ရွက်ကြောင်း သိရသည်။ **(ပြည်နယ်စည်ပင်)**

# လယ်ဝေးမြို့နယ်သာသနာ့ရောင်ခြည်စာကြည့်တိုက်ဖွင့်လှစ်

**လယ်ဝေး စက်တင်ဘာ ၃၀**

ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် အေလာမှန်စည် မြို့ဦးဓမ္မာရုံကြီး၌ အများပြည်သူလေ့လာဖတ်ရှုနိုင်ရန် သာသနာ့ရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ ရက်က ကျင်းပသည်။ အခမ်းအနားကို လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးခင်မောင်မြင့်နှင့် အေလာကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဘိုကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးခင်မောင်မြင့်က စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ စာတတ်သူတိုင်း စာဖတ်နိုင်ရေးနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေး တို့ကို ရှင်းလင်းပြောကြားသည်။

**ဖွင့်လှစ်**

အလားတူပင် စက်တင်ဘာ ၁၈ ရက် ကပင်သောင်ကျေးရွာတွင် စာပေမိခင် စာကြည့်တိုက်၊ ကျောက်အိုးကျေးရွာတွင် သုတဝေစီစာကြည့်တိုက်များ ဖွင့်လှစ်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**


## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်



* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။
* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။




အောက်တိုဘာ ၁ရက်က စစ်ကိုင်းတိုင်း ခန္တီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရုံးကြီးလမ်းရှိလမ်းဆုံ ကျွန်း တွင် ပန်း အလှပင်များ စိုက်ပျိုး၍ မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ် စည်ပင်သာယာ အမှုဆောင် အရာရှိ ဦးလှမိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# တောင်ငူမြို့တွင် တောင်သူလယ်သမားများအတွက် လယ်ယာသုံးစက်ကိရိယာပစ္စည်း အရောင်းဆိုင်ဖွင့်

တောင်ငူ အောက်တိုဘာ ၇

**ရှိရှင်းကုမ္ပဏီမှ တောင်သူလယ်သမားများအတွက် လယ်ယာသုံး စက်ကိရိယာပစ္စည်းမျိုးစုံ အရောင်းဆိုင်သစ်ဖွင့်ပွဲကို စက်တင်ဘာ၃၀ရက်နံနက်က တောင်ငူမြို့ ကန်လမ်းဘုရင့်နောင် ရုပ်ရှင်ရုံရှေ့ရှိ အရောင်းခန်းမ ဆောင်သစ်၌ ကျင်းပရာ တောင်ငူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးသိန်းဌေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများလေ့လာကြည့်ရှုကြသည်။ (ယာပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် ရှိရှင်းကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးအိုက်စိုင်းက ဧည့်သည်တော်များနှင့် တောင်သူလယ်သမားများအား လယ်ယာသုံး စက်ကိရိယာ ပစ္စည်းများနှင့် ပတ်သက်၍အသုံးပြုပုံနည်းစနစ်များကိုလက်တွေ့ပြသ ရှင်းလင်း ပြောကြားသည်။

အဆိုပါဆိုင်မှလက်တွန်း ထွန်စက်များ၊ စပါး ခြွေလှေ့စက်များ၊ ဒီဇယ်နှင့် ဓာတ်ဆီအင်ဂျင်စက် အမျိုးမျိုး၊ ဒိုင်နမို၊ မော်တာ၊ ပန့်အမျိုးမျိုးနှင့် စက်ပစ္စည်းများကို သက်သာသော ဈေးနှုန်းများဖြင့် တောင်သူကြီးများအား ရောင်းချဖြန့်ဖြူးပေးမည် ဖြစ်ကြောင်း သိရသည်။ **(၃၀၃)**



# ကွမ်းခြံကုန်းမြို့သန့်ရှင်းလှပရေးစုပေါင်းဆောင်ရွက်

**ကွမ်းခြံကုန်း အောက်တိုဘာ ၅**

ကွမ်းခြံကုန်း မြို့နယ်အေးချမ်းသာယာရေးအဖွဲ့မှ ဦးဆောင်မှု၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး၊ရေစီးရေလာ ကောင်းမွန်ရေး၊ ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများကို အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂ ရက်က မြို့နယ် ပြည်သူ့ဆေးရုံဝင်း အတွင်းအပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို စည်ပင်သာယာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၁၅၀ဖြင့် ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရွှေ၊ မြို့နယ်အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ကြသည်။ **(ဓါပုံ)**

**(မြို့နယ်စည်ပင်)**





## လွှဲပြောင်းပေးအပ်

**မီးသတ်ဦးစီးဌာနချုပ်မှ ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်)တိုက်သို့မီးဘေးကြိုတင်ကာကွယ်ရေး အတွက် မီးသတ်စက်တစ်လုံး ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၇ရက်က ပခုက္ကူမြို့ ခရိုင် မီးသတ်စခန်းရုံး၌ ကျင်းပရာ မကွေးတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးကျော်မြင့်သန်းက ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ဆွေထံ လွှဲပြောင်းပေးအပ်စဉ်။** (၄၁၃)

# အိုင်အေအေအက်ဖ်ကမ္ဘာ့တစ်ဝက် မာရသွန်ပြိုင်ပွဲ ကင်ညာနိုင်ငံသားနှင့်တရုတ်နိုင်ငံသူတို့ ဗိုလ်စွဲ

**နယူးဒေလီ အောက်တိုဘာ ၅**

အိန္ဒိယနိုင်ငံ၌ တနင်္ဂနွေနေ့က အိုင်အေအေအက်ဖ်ကမ္ဘာ့တစ်ဝက် မာရသွန်ပြိုင်ပွဲတွင် ကင်ညာမှ ပေါလ်ကီရိုင်း(အမျိုးသား)နှင့် တရုတ်နိုင်ငံမှ ရင်ဂျီဆန်း(အမျိုးသမီး)တို့သည် အနိုင်ရဗိုလ်စွဲခဲ့ကြသည်။

**ကျော်လွှားနိုင်**

အသက် ၂၄နှစ်အရွယ်ရှိ ကီရိုင်းသည် ယမန်နှစ်က အဆိုပါမာရသွန်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ရှင် ဂျူးဆက်ဖာဗီယာနို၏ အောင်မြင်မှုကို ကျော်လွှားနိုင်ခဲ့သည်။ ၎င်းသည် ၁နာရီ၂မိနစ်နှင့် ၁၅စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည်။ **(ယာပုံ)** ဖာဗီယာနို၏ ယမန်နှစ်စံချိန်မှာ ၁နာရီ၂မိနစ် ၃၁စက္ကန့်ဖြစ်သည်။

**ရွှေတံဆိပ်ဆွတ်ခူး**

တရုတ်နိုင်ငံမှ အသက်၂၇နှစ်အရွယ်ရှိ အပြေးမယ်ဆန်းသည် အိုင်ယာလန်မှ ဆိုနီယာအိုဆူလီဗန်အား ကျော်ဖြတ်ကာ ရွှေတံဆိပ်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ သူမ၏ စံချိန်မှာ ၁နာရီ၈မိနစ်နှင့် စက္ကန့်၄၀ ဖြစ်သည်။ ကင်ညာမှလိုင်ဒီယာက ၁နာရီ ၉မိနစ်ဖြင့် ပန်းဝင်နိုင်ခဲ့ပြီး ရိုမေးနီးယားမှ တိုမက်ဆုဒီယာက ၁နာရီ ၉မိနစ်နှင့် ၇စက္ကန့်ဖြင့် တတိယဆုရရှိခဲ့သည်။ **(ပီတီအိုင်)**



## ကမ္ဘာ့ တစ်လွှား အားကစား

# ဖီဖာ၏ အကောင်းဆုံး ဘောလုံးသမားဆု ဂရိအသင်းမှ ဇာဂိုရာကစ် ဆွတ်ခူးရရှိ

**လန်ဒန် အောက်တိုဘာ ၆**

၂၀၀၄ ခုနှစ်အတွက် ဖီဖာ၏ အကောင်းဆုံးဘောလုံးသမားဆုကို ဥရောပချန်ပီယံအသင်း ဖြစ်သည့် ဂရိအသင်းမှ ဘောလုံးသမားတစ်ဦးရရှိသွားခဲ့သည်။

အဆိုပါဘောလုံးသမားအမည်မှာ ဇူလိုင်လက သမိုင်းတင်ရမည့် အဓိက ဘောလုံးပြိုင်ပွဲတွင် ဂရိအသင်းအတွက် အကြီးမားဆုံး စွမ်းဆောင်ခဲ့သည့် အသင်း ခေါင်းဆောင် သီယိုဒိုရိုခ်ဇာဂိုရာကစ်ပင်ဖြစ်သည်။

ဇာဂိုရာကစ်သည် ယူရို-၂၀၀၄ ဗိုလ်လုပွဲတွင် အိမ်ရှင်ပေါ်တူဂီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီးနောက် ပြိုင်ပွဲ၏ အကောင်းဆုံးဘောလုံးသမားဆုကိုလည်းရရှိခဲ့သည်။

ယင်းဘောလုံးသမား ရွေးချယ်မှုနှင့် ပတ်သက်ပြီး နှိုင်းယှဉ်ကြည့်ရာတွင် ရော်နယ်ဒိုအပါအဝင် ဘရာဇီးမှ ငါးဦးပါဝင်သည်။ ရော်နယ်ဒိုသည် ရီးရဲမက်ဒရစ် အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် စိတ်ပျက်ဖွယ်ရာများနှင့်စတင်ခဲ့ပြီးနောက်အဆင့်လျော့ကျခဲ့သည်။

ပီရူးနှင့်ပွဲတွင် ရော်နယ်ဒိုအစား အာဒရီယာနိုအား လူစားသွင်းခဲ့ပြီး ခြောက်ပွဲကစားရာတွင် ခုနစ်ဂိုးသွင်းပေးခဲ့သူဖြစ်သည်။

အဆိုပါစာရင်းတွင် ဇီဒန်းလည်း အပါအဝင်ဖြစ်သည်။ ၎င်းသည် ၂၀၀၃ ခုနှစ် ဖီဖာ၏ အကောင်းဆုံးဘောလုံးသမားဆုတတိယအကြိမ်မြောက်အဖြစ် ရရှိခဲ့သည်။ အင်္ဂလန်မှ ရွန်နီသည် ပေါ်တူဂီ၌ အကောင်းဆုံး ကစားနိုင်ခဲ့သော်လည်း ပေါ်တူဂီ အသင်းနှင့် ယှဉ်ပြိုင် ကစားရာ ကွာတားဖိုင်နယ်တွင် ခြေကျိုးသွားခဲ့သည်။

၎င်းသည်လည်း အကောင်းဆုံး ဘောလုံးသမား ဖြစ်လာနိုင်သည်ဟုလည်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

၂၀၀၄ ခုနှစ်အတွက် ဖီဖာ၏ အကောင်းဆုံး ဘောလုံးသမားဆု ရွေးချယ်ရန် ကမ္ဘာတစ်ဝန်းမှ နာမည်ကြီးဘောလုံးသမား၃၅ဦးပါဝင်အရွေးခံခဲ့ကြကြောင်းသိရသည်။ ယင်းဘောလုံးသမား ၃၅ ဦးထဲမှ ဇာဂိုရာကစ်သည် အကောင်းဆုံးဘောလုံးသမား တစ်ဦးဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

# ဘာစီလိုနာခြေအသာဖြင့် ဆက်လက်ဦးဆောင် ရီးရဲမက်ဒရစ်အသင်း ရှုံးပွဲများဖြင့် ကံခေနေ

မက်ဒရစ် အောက်တိုဘာ ၅

**စပိန်နိုင်ငံ ပရီမီယာလီဂါဘောလုံးပြိုင်ပွဲများကို တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့ကြသည်။**

အယ်ဘာစီတီနှင့် အက်ခ်ပန်ညိုတို့ပွဲတွင် အယ်ဘာစီတီက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့သည်။ အယ်ဘာစီတီအသင်းသည် ပွဲပြီးရန် ၁၅မိနစ်တွင် ဒေးဗစ်ဆန်ချက် ထွက်သွားရ၍ ၁၀ဦးတည်းဖြင့်ကစားခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီ၏ ပထမဆုံးသော အနိုင်ပွဲကို ဆင်နွှဲနိုင်ခဲ့သည်။

ဂီတာဖေးနှင့်ဘီလ်ဘိုတို့ ယှဉ်ပြိုင်ကစားရာတွင် ဂီတာဖေးက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ဂီတာဖေးအသင်းအတွက် ဆာဂျီယိုပါချွန်းက သုံးဂိုးလုံး သွင်းပေးခြင်းဖြင့် ပက်ထရစ်ပိုင်ရှင်ဖြစ်သွားခဲ့သည်။

လီဗန်တေးနှင့် မာလေ့ကာအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် လီဗန်တေးက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မာလာဂါအသင်းနှင့် အိုဆာဆူနာအသင်းတို့ပွဲတွင် မာလာဂါအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

ဆန်တန်ဒါနှင့် ဆီဗီလ်လာတို့ပွဲတွင် ဂိုးမရှိသရေဖြစ်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် ဒီပို့တီဗိုအသင်းကိုတစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်သွားခဲ့သည်။ ရီးရဲမက်ဒရစ် အသင်းအတွက် ယခုနှစ်ဘောလုံးရာသီ၏ တတိယ မြောက်အရှုံးကို ရင်ဆိုင်ရခြင်းဖြစ်သည်။

ဗီလာရီးရဲအသင်းသည် ဇာရာဂိုဇာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

ဘာစီလိုနာ အသင်းသည် နုမန်စီယာအသင်းကို တစ်ဂိုးဖြင့်နိုင်ခဲ့၍ ၁၆မှတ်ရရှိကာ နှစ်မှတ်အသာဖြင့် ဇယားထိပ်၌ ရောက်ရှိနေသည်။ ၎င်းအသင်းသည် ခြောက်ပွဲကစားပြီး ရှုံးပွဲမရှိ စံချိန်ကို တင်ထားနိုင်ခဲ့သည်။ ဗလင်စီယာ အသင်းသည် ရီးရဲဘီတစ်အသင်းကို စနေနေ့က တစ်ဂိုးစီသရေကစားခဲ့မိ၍ ဘာစီလိုနာနောက်မှ နှစ်မှတ်အလိုဖြင့် လိုက်နေသည်။ ရီးရဲမက်ဒရစ်သည် ကိုးမှတ်ရရှိပြီး ရှုံးပွဲဆက်နေဆဲဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

# ဖာဒီနန်၊ရွန်နီနှင့်ကင်းဘဲလ် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားကြမည်

**လန်ဒန် အောက်တိုဘာ ၅**

ရီအိုဖာဒီနန်၊ဝိန်းရွန်နီနှင့် ဆိုးကင်းဘဲလ်တို့သည် ဝေလနှင့် အဇာဘိုင်ဂျန် အသင်းများနှင့် ကမ္ဘာ့ဖလား ခြေစစ်ပွဲ ကစားရန် အင်္ဂလန်နည်းပြအဲရစ်ဆင်က တနင်္ဂနွေနေ့က စာရင်းထုတ်ပြန်ခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်း နောက်တန်းလူ ဖာဒီနန်အား ၁၂လ ကြာပြီးနောက် ပထမဆုံးအကြိမ်အင်္ဂလန်အသင်းတွင် ကစားခွင့်ရခဲ့ခြင်း ဖြစ်သည်။

ရွန်နီသည် ယူရို ၂၀၀၄တွင် ခြေထောက်ဒဏ်ရာရပြီးနောက် ချန်ပီယံလိဂ်တွင် ဖီနာဖာချီအသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိရာတွင် ဟက်ထရစ်သုံးဂိုးသွင်းပေးခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# ရုရှားမှ ရှာရာပိုဗာ ကိုရီးယားအိုးပင်း တင်းနစ်ဗိုလ်စွဲ

**ဆိုးလ် အောက်တိုဘာ ၅**

ရုရှားမှ ဝင်ဘလေဒန်ချန်ပီယံမာရီယာရှာရာပိုဗာသည် တနင်္ဂနွေနေ့က ဆိုးလ်၌ ကျင်းပသည့် ဟန်ဆောကိုရီးယားအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပိုလန်မှ မာတာဒိုမာချောစကာကို ၆-၁၊ ၆-၁ဖြင့် နိုင်ကာဗိုလ်စွဲသွားခဲ့သည်။

ရုရှားထိပ်တန်း တင်းနစ်မယ်သည် ၅၈ မိနစ်ဖြင့် သူမ၏ပထမဆုံးသော တစ်ဦးချင်းဖလားကို အနိုင်ရခဲ့သည်။ သူမသည် ဇူလိုင်လက ဝင်ဘလေဒန်ချန်ပီယံဖြစ်ခဲ့ပြီးနောက် သုံးလအတွင်း တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ယခုရခဲ့သည့်ဖလားသည် ပထမဆုံးဖြစ်သည်။

အသက် ၁၇နှစ်အရွယ်ရှိ ရှာရာပိုဗာအား ပရိသတ် ၈၀၀၀ကျော်က အဆိုပါ တင်းနစ်ဗိုလ်လုပွဲကို လာရောက်အားပေးခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဓနုဖြူမြို့တွင် အဘိုးအဘွားများအား ပူဇော်ကန်တော့

ဓနုဖြူမြို့ အောက်တိုဘာ ၅

**ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ်အဖြစ် အဘိုးအဘွားများအား သက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနားကို အောက်တိုဘာ ၁ရက် နံနက် ၈နာရီက ဓနုဖြူမြို့ ကျိုက်ကလွန်ဗွန်းဘုရားအတွင်းရှိ အောင်မြေတန်ဆောင်းတွင် ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်က အဘိုးအဘွားများအား လှူဒါန်းပူဇော် ကန်တော့ရခြင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်လှလှစိန်တို့ ဦးဆောင်၍ အဘိုးအဘွားများအား တစ်ဦးလျှင် ကျပ်ငါးထောင် တန်ဖိုးရှိ ဆေးဝါးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စုစုပေါင်း အလှူငွေကျပ်၂၅၀၀၀၀လှူဒါန်းပူဇော်ကြောင်း သိရသည်။ **(အောက်ဝဲပုံ) (ဝ၅)**



# အမြို့မြို့ အနယ်နယ် သတင်းများ



# တံခွန်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် မော်လမြိုင်ကျွန်းမြို့နယ်တွင်ဖွင့် စာအုပ်၊ စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် သတင်းစာများလှူဒါန်း

မော်လမြိုင်ကျွန်း အောက်တိုဘာ ၆

**မော်လမြိုင်ကျွန်းမြို့နယ် မမွေးကျွန်းကျေးရွာအုပ်စု ကျုံလမု၊ အုန်းပင်စုကျေးရွာတံခွန်ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂ရက် နံနက် ၁၀နာရီက ကျေးလက်စာကြည့်တိုက် အဆောက်အအုံ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂)ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)၊ စာကြည့်တိုက်မှူး ဒေါ်နော်မာဂရက်နှင့်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဟန်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)**

**ဟောပြော**

ယင်းနောက် စာကြည့်တိုက်မှူး နော်မာဂရက်က စာကြည့်တိုက်ပြုစုပျိုးထောင်ရေးကိုလည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂)ဦးမြင့်အောင်(မော်ကျွန်း-မြင့်အောင်)က ကျေးလက်စာကြည့်တိုက်များ အောင်မြင်ရှင်သန်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်းကောင်း ဟောပြောကြသည်။

**လက်ခံရယူ**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေ အလှူရှင်များ လှူဒါန်းသော စာအုပ်၊ စာစောင်၊မဂ္ဂဇင်း၊ ဂျာနယ်နှင့် သတင်းစာများကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်စု အဖွဲ့ဝင်(၁) ဦးရွှေသွေးက လက်ခံရယူသည်။

**လေ့လာဖတ်ရှု**

တံခွန် ကိုယ့်အား ကိုယ်ကိုးကျေးလက် စာကြည့်တိုက်ဖွင့်ပွဲ အပြီးတွင် ကျုံလမုကျေးရွာနှင့် အုန်းပင်စုကျေးရွာ ပြည်သူများက မဂ္ဂဇင်း၊ ဂျာနယ်၊စာစောင်နှင့် သတင်းစာများကို စိတ်ဝင်စားစွာ လေ့လာဖတ်ရှုကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

**ဆင်ဘို စက်တင်ဘာ ၂၇**

ဆင်ဘိုမြို့တွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး အတွက် စက်တင်ဘာ၁၈ရက်က မြို့တွင်း ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရန် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ-၂ဦးကျော်လွင်ထွန်းနှင့် ဝန်ထမ်းများ၊ မြို့နေ ပြည်သူများ စုပေါင်းဆောင်ရွက်ကြသည်။

**(ပြည်နယ်စည်ပင်)**

**စက်တင်ဘာ ၂၇ ရက်က သရက်မြို့ လမ်းမတော်လမ်း ဖောင်တော်ဦးဘုရားအနီး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုးနှင့်အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ခင်မာမာဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။**

(မြို့နယ်စည်ပင်)



**မွန်ပြည်နယ် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး (ပြည်နယ်အဆင့်)ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ၅ရက်က မော်လမြိုင်မြို့ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း ယင်းမာခန်းမတွင် ကျင်းပရာ မွန်ပြည်နယ် မော်လမြိုင်ခရိုင်ပညာရေးမှူးဦးတင်ညွန့်က ပြည်နယ်အဆင့် ကာလပေါ်တေး ပထမဆုရ အထက(၆)စတုတ္ထတန်းမှ မောင်တိုးခန့်ကျော်အား ဆုချီးမြှင့်စဉ်။**

(၁၆၈)





# ကမ္ဘာ့ဆရာများနေ့ ကျောင်းကုန်းတွင်ကျင်းပ စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲ ဆုရသူများဆုချီးမြှင့်

**ကျောင်းကုန်း အောက်တိုဘာ ၇**

၂၀၀၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ရက် နံနက် ၉နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဂါဒီယန်ဦးစိန်ဝင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်စန်းက အမှာစကား ပြောကြားပြီး ၂၀၀၄ ခုနှစ်ကမ္ဘာ့ဆရာများနေ့ စာတမ်းကို အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်က ဖတ်ကြားသည်။

**ဆုပေးအပ်**

ဆက်လက်၍ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွင်း အငြိမ်းစားယူသည့် ဆရာ၊ ဆရာမကြီး ခြောက်ဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌက လည်းကောင်း၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ် ပညာရေးမှူး ဦးဝင်းမောင်က လည်းကောင်း**(ဝဲပုံ)** ကဗျာပြိုင်ပွဲ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား အထက (ခွဲ)လှည်းဆိပ် ကျောင်းအုပ်ဆရာမကြီးဒေါ်ယဉ်ရွှေက လည်းကောင်းဆုများပေးအပ်ကြသည်။

**(၂၆၅)**

# စိန်ပန်းပုပင်များ စိုက်ပျိုး

**မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်း စိုပြည်ရေးအတွက် စက်တင်ဘာ ၁၈ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးအရန်မီးသတ် တပ်ဖွဲ့များ ပူးပေါင်း၍ မြို့အဝင်လမ်းတစ်လျှောက် စိန်ပန်းပုပင်များ စိုက်ပျိုးကြစဉ်။**

(မြို့နယ်စည်ပင်)





**စက်တင်ဘာ၂၆ရက်က အင်္ဂပူမြို့ သန့်ရှင်းသာယာလှပရေးအတွက် အင်္ဂပူရပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှဦးတို့က ရှင်းလင်း ပြသစဉ်။**

(မြို့နယ်စည်ပင်)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို သင်းဖွဲ့စည်းမျဉ်းစည်းကမ်းနှင့်အညီစနစ်တကျဖွဲ့စည်းခဲ့ ရည်ရွယ်ချက်၊ရည်မှန်းချက်များအကောင်အထည်ဖော်ရာတွင်လည်း စည်းကမ်းညီညွတ်မှုတွေ့မြင်ရ အမျိုးသမီးထုကြီးကိုစုစည်းပြီး ခေတ်မီနိုင်ငံတော်သစ်တည်ဆောက်ရာ၌ပါဝင်နိုင်ရေး အဖွဲ့ချုပ်ကြီးကရှေ့ဆောင် တိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွားဖြစ်ထွန်းရေး မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကိုမှာကြားသည်။ **(အောက်ပုံ)**

**စာမျက်နှာ ၇ ကော်လံ ၁** ✻





# ယနေ့နိုင်ငံတော်၌ ဦးတည်ချက်များခိုင်ခိုင်မာမာချမှတ်ပြီး ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်နေ ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်ရှိသည့် နိုင်ငံသားအားလုံး၏အသက်ဝိညာဉ်ဖြစ် တစ်မျိုးသားလုံးခံယူရမည့်အခြေခံမူဝါဒများ သားစဉ်မြေးဆက်အထိ လက်ဆင့်ကမ်းအမွေပေးသွားရမည်



**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်ခဲ့သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၅၅)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရှိ နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁** ●

**ဆုချီးမြှင့်**

**အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၅) သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းသားစံပြဆုရ ဦးအောင်ကျော်မျိုး အလယ်တန်းပြ ဆရာ ရွှေကူ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဓနုဖြူမြို့နယ်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

# အာဆီယံကုန်သွယ်မှုတွင်တွေ့ကြုံရသောအတန့်အတားများကျော်လွှား ဆန်စပါးဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးမြှင့် နောက်တစ်ကြိမ်အစည်းအဝေးကို ၂၀၀၅ ခု၌ဖိလစ်ပိုင်တွင်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ အောက်တိုဘာ ၇ရက်တွင် ကျင်းပခဲ့သည့် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာအာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးက ပူးတွဲသတင်းကြေညာချက်တစ်ရပ် ထုတ်ပြန်ကြေညာသည်။ ယင်းကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်—

**လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာအာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက်အစည်းအဝေး ပူးတွဲသတင်းထုတ်ပြန်ချက်**

**၂၀၀၄ ခုနှစ် အောက်တိုဘာလ ၇ ရက် ရန်ကုန်မြို့**

(၁) ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၇ရက်နေ့တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ကျင်းပခဲ့သော လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဖွင့်လှစ်ခဲ့ပါသည်။

(၂) အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက သဘာပတိအဖြစ်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အာသာရပ်က ဒုတိယသဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

**စာမျက်နှာ ၅ ကော်လံ ၁** ■

# ရဲတံခွန်ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ၏အောင်မြင်မှု

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ — သောင်းဝင်းဗိုလ်**

**ရန်ကုန် အောက်တိုဘာ ၈**

မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြေပေါ်မြေအောက် သယံဇာတများသာမက ရေအောက် သယံဇာတများလည်း ထူးခြားစွာရရှိသည့်အတွက် ကမ္ဘာပေါ်တွင် တစ်နေ့တခြားထင်ရှားလျက်ရှိသည်။

**စာမျက်နှာ ၃ ကော်လံ ၁** ☆